# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 16 August 2024 ၁၁၅၅၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မင်းဘူးခရိုင်၌ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

## မင်းဘူးခရိုင်၌ ယခုနှစ် မိုးစပါး ဧက ၁၇၀၀၀၀ ကျော် လျာထားစိုက်ပျိုး

မင်းဘူး ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ဆန်၊ စပါးဖူလုံစေရန် မိုးစပါးကို ဧကပေါင်း ၁၇၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဧကပေါင်း ၉၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✰

**ယနေ့ ဖတ်စရာ**

**ပိုးသတ်ဆေးအမျိုးပေါင်း ၉၃ မျိုးအား မှတ်ပုံတင်ခွင့်ပြုရေး နည်းပညာကော်မတီ စိစစ်ဆောင်ရွက်**

စာမျက်နှာ » ၄

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာချက်**

စာမျက်နှာ » ၅



**၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ အောင်မြင်စွာ ကျင်းပပြီးစီး**

စာမျက်နှာ » ၇

## မြန်မာနိုင်ငံ၏ လေကြောင်းဈေးကွက်အတွင်း ပထမဆုံး Service Center ဖြစ်သည့် Shoppe by MAI စတင်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ၏ လေကြောင်းဈေးကွက်အတွင်း ပထမဆုံး Service Center ဖြစ်သည့် Shoppe by MAI ကို စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ International Business Center(IBC)၌ ပြုလုပ်သည်။ Shoppe by MAI သည် လက်မှတ်လာရောက်ဝယ်ယူကြမည့် ခရီးသည်များအတွက် လေကြောင်းလိုင်းများနှင့်ပတ်သက်သည့် ဝန်ဆောင်မှုအားလုံးကို တစ်နေရာတည်းတွင် စုစည်းရရှိနိုင်မည့် Service Center တစ်ခုဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖




ကြေးမုံ

# မိတ်ကောင်းဆွေကောင်း ထာဝရမိတ်ဆွေ

မိတ်ဆွေကောင်းဟူသည် ဒုက္ခအခက်အခဲ ကြုံတွေ့နေချိန်တွင် ရှောင်ဖယ်မသွားဘဲ စိတ်ရောကိုယ်ပါ တတ်နိုင်သမျှကူညီပေးသူဖြစ်သည်။ အိမ်နီးချင်းကောင်းဟူသည် အိမ်နီးနားချင်းအချင်းချင်း အကြောင်းကိစ္စကြီးငယ်ရှိပါက မျက်နှာလွှဲဥပေက္ခာမပြုဘဲ တတ်နိုင်သမျှ ဖေးမကူညီပေးသူဖြစ်သည်။ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းဟူသည် ကိုယ်နှင့်ထပ်တူ ကြီးပွားတိုးတက်ရေးကို လိုလားသူဖြစ်သည်။ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းသည် ထာဝရမိတ်ဆွေ၊ ယုံကြည်စိတ်ချရသော မိတ်ဆွေဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ပထဝီအနေအထားအရ ကုန်းတွင်း၊ ရေကြောင်းအချက်အချာကျသောနေရာတွင် တည်ရှိသည့် အရေးပါသည့်နိုင်ငံဖြစ်သည်။ အရှေ့အနောက် သဘောသဘာဝမတူသည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်၊ ထိုင်း၊ လာအို အိမ်နီးချင်းငါးနိုင်ငံနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်လျက်ရှိသည်။ အဆိုပါငါးနိုင်ငံတွင် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးမှာ သမိုင်းကြောင်းရှည်လျားပြီး ခေတ်အဆက်ဆက် ရင်းနှီးချစ်ကြည်မှုနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အစဉ်တစိုက် ထူထောင်လာနိုင်ခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမှအစ ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအစိုးရများအကြား၊ နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံခဲ့ကြသည်။

တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ်တွင် စတင်ထူထောင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့် (စိန်ရတုနေ့) သို့ ရောက်ရှိတော့မည်ဖြစ်သည်။ တရုတ်-မြန်မာ အိမ်နီးချင်းနှစ်နိုင်ငံသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် တည်ငြိမ်အေးချမ်းသာယာဝပြောမှုကို လိုလားသည့်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်သည့်ကာလမှစ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ဆက်ဆံနေထိုင်ခဲ့သောနိုင်ငံများဖြစ်သည်။ ဩဂုတ်လ ၁၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် မိတ်ကောင်းဆွေကောင်း ထာဝရမိတ်ဆွေကောင်းဖြစ်ကြောင်းကို ဖော်ညွှန်းပြသနိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား လက်ခံတွေ့ဆုံစဉ် မစ္စတာဝမ်ယိက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်နေမှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် EAO အဖွဲ့များ၏ မြို့ရွာများအပေါ် တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင်ပါကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးလျက်ရှိသည်။ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားသည်။ နိုင်ငံတကာစာမျက်နှာ၌ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက်ရှိသည်။ မကြာမီပြုလုပ်မည့် သန်းခေါင်စာရင်းကောက်ယူရေး၌ လိုအပ်သည့် နည်းပညာကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်မျိုးကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည်မဟုတ်ဘဲ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍစုံတို့၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်ခိုင်မာမာဆောင်ရွက်သွားမည်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမှုကို ထောက်ခံလျက်ရှိသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်စေရေး တိုက်တွန်းဆွေးနွေး ပြောကြားသွားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းတရုတ်နိုင်ငံသည် နှစ်ပေါင်းရှည်ကြာစွာ ချစ်ကြည်ရင်းနှီးမှုနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်မှုများ ခိုင်မြဲစွာဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိကာလတွင် တွေ့ဆုံဆွေးနွေးမှုများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ကောင်း၊ ဆွေကောင်း ထာဝရမိတ်ဆွေဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းအောင်ကို ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ညောင်လေးပင်မြို့နယ်၌ ကျောင်းကျန်းမာရေးသတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ညောင်လေးပင် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးသတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက မူလွန်အေဘီအမ်ကျောင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ဒုတိယပညာရေးမှူး ဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စောကလျာက ကျောင်းကျန်းမာရေးသတင်းပတ်ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းများဆောင်ရွက်ခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၂၄ ဩဂုတ်လတွင်(ပထမပတ်)မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ (ဒုတိယပတ်) ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး၊ (တတိယပတ်) ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် (စတုတ္ထပတ်) အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး သတင်းပတ်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မောက်မယ်မြို့နယ်၌ မူးယစ်ဆေးဝါး... မူခင်းကျဆင်းရေး အသိပညာပေးဟောပြော



မောက်မယ် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အထက(မောက်မယ်) နှင်းဆီဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန့်ဇင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် သုံးစွဲခြင်းဖြင့် ရရှိမည့်ဆိုးကျိုးများနှင့် မှုခင်းကျဆင်းရေးဆိုင်ရာ သိကောင်းစရာများ ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးအောင်စိုးမိုးက မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေအကြောင်းအရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၆၂ | ၅၆၄,၂၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၈,၃၅၈ | ၂၈,၈၁၈,၉၀၀ |
| MCB | ၈,၆၀၀ | ၈,၇၀၀ | ၂,၁၁၃ | ၁၈,၁၈၁,၈၀၀ |
| FPB | ၁,၈၀၀ | ၁,၇၅၀ | ၁,၉၉၃ | ၃,၄၈၉,၁၀၀ |
| TMH | ၂,၀၀၀ | ၂,၀၀၀ | ၃၄၃ | ၉၆၀,၄၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၅၆၀ | ၂,၇၀၅,၀၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၃,၃၀၀ | ၃,၂၅၀ | ၅၀၃ | ၁,၆၄၉,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် ဩဂုတ် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းမိုင်မြို့၌ ကျင်းပမည့် (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မွန်းကိုးဝီစစ်စတန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၅

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စ ကောင်းဖျင်အား လက်ခံတွေ့ဆုံ

**မန္တလေး ဩဂုတ် ၁၅**

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သည် မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် မစ္စ ကောင်းဖျင် (Ms.Gao Ping) အား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို တိုးတက်အောင် ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





မင်းဘူးခရိုင်၌ မိုးစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

☆ **မင်းဘူးမှ**

ထိုသို့စိုက်ပျိုးရာတွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် မင်းဘူး(စကု)မြို့နယ်၌ ၄၀၉၃၂ ဧက၊ ပွင့်ဖြူမြို့နယ်၌ ၆၉၉၄၄ ဧက၊ စလင်းမြို့နယ်၌ ၄၇၆၇၇ ဧက၊ ငဖဲမြို့နယ်၌ ၉၃၅၆ ဧကနှင့် စေတုတ္တရာမြို့နယ်၌ ၅၆၇၈ ဧကဖြင့် မင်းဘူးခရိုင်၌ စုစုပေါင်း ၁၇၃၅၈၇ ဧကအထိ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး အစိုးရဆည်တမံများမှ မိုးစပါးအတွက် စိုက်ပျိုးရေများကို ဇွန်လတတိယအပတ်မှ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ပိုမိုတိုးချဲ့စိုက်ပျိုး**

မင်းဘူခရိုင်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးစိုက်ပျိုးရာ၌ ဆည်ရေသောက်ဧရိယာများနှင့် မိုးကောင်းသောက် ဧရိယာများတွင် အစိုးရဆည်တမံ၊ လျှပ်စစ်ရေတင်၊ မြေအောက်ရေ၊ ရေစုပ်စက်၊ ဆည်ငယ်ကန်ငယ်၊ မိုးရေသောက်စနစ် စသည့် ရေရရှိရေးနည်းလမ်း ခြောက်ခုဖြင့် စိုက်ပျိုးစနစ် နည်းလမ်းမျိုးစုံအသုံးပြု၍ ဒေသစုံစိုက်ပျိုးလျက်ရှိကြောင်း၊ အများဆုံးရွေးချယ်စိုက်ပျိုးသော စပါးမျိုးများမှာ ဈေးကွက်အရ အရည်အသွေးကောင်းဧရာမင်းနှင့် အထွက်ကောင်းစပါးမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး၊ ပခန်းရွှေဝါ၊ ဆာဖိုးသာ၊ GW-11 စပါးမျိုးများအပြင် ရေအနည်းလို-၇ နှင့် ရက် -၉၀ စပါးမျိုးများကိုလည်း ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးကို ဧကပေါင်း ၁၇၃၅၈၇ ဧက စိုက်ပျိုးရန် စီမံကိန်းလျာထားဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၅ ရက်အထိ ခရိုင်အတွင်းရှိ မြို့နယ်ငါးခုတွင် ဧကပေါင်း ၉၃၈၇၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးချိန် စီမံကိန်းလျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့အတွက် တောင်သူပညာပေး လုပ်ငန်း များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။



**အလေးထားဆောင်ရွက်**

အစည်းအဝေးတွင် အမျိုးသားမြေဥပဒေကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရေး၊ မြေစီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်းသော တည်ဆဲဥပဒေများကို လွှမ်းခြုံသက်ရောက်မှုရှိပြီး ဥပဒေအချင်းချင်း သဟဇာတဖြစ်စေရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေဥပဒေမူကြမ်းရေးဆွဲရာ၌ ခေတ်ကာလစနစ်နှင့် လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင်နိုင်မည့်နည်းလမ်းများ ထည့်သွင်းပြုစုရန်လိုအပ်ပြီး အမျိုးသားမြေအသုံးချမှုကောင်စီက သတ်မှတ်ပေးထားသည့်ကာလ (Timeline)အတွင်း အမျိုးသားမြေဥပဒေမူကြမ်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားမြေဥပဒေမူကြမ်း၏ နိဒါန်းအခန်းနှင့် အခန်း(၁)မှ (၈)အထိအား အဖွဲ့ဝင်များ၏ အကြံပြုချက်များအရ ကြိုတင်စိစစ်ထားရှိမှုကို ပဏာမမူကြမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် ကော်မတီဝင်များက အလေးထား ဆွေးနွေးဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ ဥပဒေမူကြမ်း၏ ကျန်ရှိသော အခန်း(၉)မှ (၁၆) အထိကို နောက်တစ်ကြိမ် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရေးအတွက် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ NSSA ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် အဖွဲ့ဝင်များ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် အလုပ်အကိုင်အမျိုးအစား ၇၀ တွင် ကျွမ်းကျင်မှုစံ ၉၂ ခုကို အတည်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အလုပ်အကိုင် ၅၂ မျိုးတွင် ကျွမ်းကျင်လုပ်သား ၂၆၉၆၉ ဦး၊ စစ်ဆေးအကဲဖြတ်ရေးဌာန ၂၇၅ ခု၊ စစ်ဆေးရေးမှူး ၁၀၂ ဦး၊ စစ်ဆေးအကဲဖြတ်သူ ၈၆၆ ဦးကို အသိအမှတ်ပြုပေးခဲ့ကြောင်း။





**မှာကြား**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဖြေဆိုသူ ၅၀၀၀ ကို စစ်ဆေးအကဲဖြတ်မှု လျာထားချက်ပြည့်မီရေး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ စိုက်ထုတ်ကျခံသုံးစွဲခြင်းဖြစ်၍ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများအနေဖြင့် ကျွမ်းကျင်မှုအဆင့်အလိုက် စစ်ဆေးအကဲဖြတ်မှုခံယူရန် လျှောက်ထားလာသောဖြေဆိုသူများအနက် အရည်အချင်းပြည့်မီနိုင်သူများကိုသာ စိစစ်ရွေးချယ်ရေး၊ NSSA အသိအမှတ်ပြုလက်မှတ် ရယူထားသည့် စစ်ဆေးအကဲဖြတ်ရေးဌာနများသည် သက်တမ်းကာလ နှစ်နှစ်အတွင်း တစ်ကြိမ်မျှ စစ်ဆေးအကဲဖြတ်မှုဆောင်ရွက်ခြင်းမရှိက သတ်မှတ်ဒဏ်ကြေး ပေးသွင်းရေး၊ ၂၀၂၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် ASEAN Skills Competition ၌ မြန်မာနိုင်ငံမှ ဝင်ရောက် ယှဉ်ပြိုင်နိုင်မည့် အလုပ်အကိုင်နယ်ပယ် ခြောက်ခုဖြစ်သော Information and Communication၊ Manufacturing and Engineering၊ Construction and Building Technology ကဏ္ဍ သုံးခုနှင့် Social and Personal Services၊ Creative Arts and Fashion၊ Transportation and Logistics ကဏ္ဍသုံးခုမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် လုပ်ငန်းကဏ္ဍများရွေးချယ်၍ အာဆီယံနိုင်ငံများ၏ ကျွမ်းကျင်မှုစံများကို လေ့လာပြီး လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက NSSA ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ကူညီရေး၊ လုပ်ငန်းခွင်နှင့် သင့်လျော်သော သင်ရိုးညွှန်းတမ်းများရရှိရေး၊ ကျွမ်းကျင်မှုသင်တန်းများ စဉ်ဆက်မပြတ်ပေးနိုင်ရေးနှင့် လုပ်ငန်းခွင်အလိုက် လုပ်သားများအနေဖြင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ရရှိရေးတို့အတွက် Puplic၊ Private၊ Partnership အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် အလေးထားဆောင်ရွက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိုးသတ်ဆေးအမျိုးပေါင်း ၉၃ မျိုးအား မှတ်ပုံတင်ခွင့်ပြုရေး နည်းပညာကော်မတီ စိစစ်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

ပိုးသတ်ဆေး နည်းပညာကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပိုးသတ်ဆေး အမျိုးအစားပေါင်း ၉၃ မျိုးနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတို့မှ ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသည့်အဖွဲ့က စိစစ်သုံးသပ်ဆွေးနွေးကြသည်။



ဦးစွာ ပိုးသတ်ဆေးနည်းပညာကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပိုးသတ်ဆေးသုံးစွဲ တင်သွင်းဖြန့်ချိနိုင်ရေး မှတ်ပုံတင်ခွင့်ပြုရာ၌ သီးနှံဖျက်ပိုးများအပေါ် ထိရောက်မှု၊ လူနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ရေရှည်တွင် ဓာတုဓာတ်ကြွင်းအန္တရာယ်ကင်းရှင်းရေးတို့ကို ထည့်သွင်းသုံးသပ် စိစစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း၌ ပိုးသတ်ဆေးထုတ်လုပ်မှု အားနည်းနေသဖြင့် ပြည်တွင်း၌ ထုပ်လုပ်နိုင်ရေး ပိုးသတ်ဆေးဥပဒေနှင့် အညီ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)များကို ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်သော ပိုးသတ်ဆေးများသည် ပြည်ပမှ ကုန်ကြမ်းတင်သွင်းကြရသည့်အတွက် ကုန်ကြမ်းများကိုလည်း အရည်အသွေး မှန်၊ မမှန် ဓာတ်ခွဲနိုင်ရေး ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မူဝါဒအရ ဓာတုပိုးသတ်ဆေးသုံးစွဲမှု လျှော့ချ၍ သဘာဝပိုးသတ်ဆေးများသုံးစွဲနိုင်ရေး နည်းပညာပေးရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

မှတ်ပုံတင်လျှောက်ထားသည့် ပိုးသတ်ဆေးများကို စိုက်ခင်းများတွင် စမ်းသပ်ခြင်း၊ ဖော်ပြထားသည့် ဓာတုပစ္စည်းပါဝင်မှု မှန်၊ မမှန် ဓာတ်ခွဲစစ်ဆေးခြင်း၊ အရည်အသွေးမှန်ကန်မှုတို့ကို စစ်ဆေးဆောင်ရွက်ပြီး ပိုးသတ်ဆေး နည်းပညာကော်မတီ အစည်းအဝေး၌ စိစစ်သုံးသပ်ရရှိသည့် အချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးသို့ ပိုးသတ်ဆေးဥပဒေနှင့်အညီ တင်ပြဆောင်ရွက်ရခြင်းဖြစ်ပြီး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က စမ်းသပ်သုံးစွဲခွင့် မှတ်ပုံတင် ၁၁၇ ခု၊ ယာယီသုံးစွဲခွင့် မှတ်ပုံတင် ၁၈၆၈ ခု၊ အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင် ၂၂၅၁ ခုနှင့် ပြင်ဆင်သုံးစွဲခွင့် မှတ်ပုံတင် တစ်ခု စုစုပေါင်း ၄၂၃၇ ခုကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုအစည်းအဝေး၌ ပိုးသတ်ဆေးအမျိုးအစား ၉၃ မျိုးကို မှတ်ပုံတင် ခွင့်ပြုရေးအတွက် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ရွှေ့ဖုံးမှ**

Shoppe by MAI ကို ရန်ကုန်မြို့ရှိ International Business Center တွင် ဖွင့်လှစ်ထားပြီး ခေတ်မီလှပသည့် ဒီဇိုင်းအပြင်အဆင်၊ နေရာထိုင်ခင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့်အတွက် လက်မှတ်လာရောက်ဝယ်ယူကြသည့် ခရီးသည်များ ပိုမိုသက်သောင့်သက်သာဖြစ်စေမည့်အပြင် လေကြောင်းလိုင်းများနှင့်ပတ်သက်သည့် ဝန်ဆောင်မှုအားလုံးကိုပါ တစ်နေရာတည်းတွင် စုစည်းရရှိနိုင်မည့် service center တစ်ခုဖြစ်ကြောင်း သိရသည်။

**ကူညီဆောင်ရွက်ပေးမည်**

Shoppe by MAI သည် သက်သောင့်သက်သာရှိမှုနှင့် ဆန်းသစ်တီထွင်မှုတို့၏ အနှစ်သာရများကို ပေါင်းစပ်ထားပြီး ခရီးသွားခြင်းနှင့် နေ့စဉ်နေထိုင်မှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် သမားရိုးကျ service center တစ်ခုထက် ပိုသည့် နေရာတစ်ခုပင်ဖြစ်ကြောင်း သိရသည်။ Shoppe by MAI တွင် MAI ၏ မိတ်ဖက်ပါတနာများဖြစ်သည့် uab Bank နှင့် Miracle Cafe & Lounge တို့ပါဝင်မည်ဖြစ်ပြီး Shoppe by MAI သို့ လာရောက်ကြသည့် ခရီးသည်များ၏ အထွေထွေ စုံစမ်းမေးမြန်းမှုများနှင့် လိုအပ်သည့် ဝန်ဆောင်မှုများအားလုံးကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ခရီးသည်များအနေဖြင့် MAI နှင့် မင်္ဂလာတို့၏ ခရီးစဉ်လက်မှတ်များ၊ အခြားသောဝန်ဆောင်မှုများနှင့် အမှတ်တရပစ္စည်းများကို ဝယ်ယူနိုင်မည့်အပြင် uab Bank၏ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကို ရယူနိုင်ခြင်း၊ Miracle Cafe & Lounge တွင် အေးဆေးသက်သာစွာ အနားယူနိုင်ခြင်းတို့ကို တစ်နေရာတည်းတွင် ပြုလုပ်နိုင်မည်ဖြစ်သည်။

**Htet Oo Maung**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန် အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ(အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ်လ ၂၆ ရက် (တနင်္လာနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁၂ ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များ တွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) ဘားအံတက္ကသိုလ်
(၃) ဟားခါးတက္ကသိုလ်
(၄) မုံရွာတက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) ကျောက်ဆည်တက္ကသိုလ်
(၁၆) မော်လမြိုင်တက္ကသိုလ်
(၁၇) စစ်တွေတက္ကသိုလ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) ကျိုင်းတုံတက္ကသိုလ်
(၂၁) ပုသိမ်တက္ကသိုလ်
(၂၂) ဟသ်ာတတက္ကသိုလ်
(၂၃) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် (၂၀၂၄) ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် တာဝန်ရှိသူများ ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သိပ္ပံပွဲတော် (၂၀၂၄) တွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သိပ္ပံပွဲတော် (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာများ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov နှင့်တာဝန်ရှိသူများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားပြီး ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov က ဂုဏ်ပြုအမှာစကားပြောကြား၍ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သိပ္ပံပွဲတော်ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ၃ ရက် ကျင်းပကာ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် "Chronograph, Nuclear Sprint, Bet Game" စသည့် နျူကလီးယားနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ၊ Interactive Quiz ဉာဏ်စမ်းပဟေဠိအစီအစဉ်များ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် "မြန်မာနိုင်ငံတွင် SMRs ဖွံ့ဖြိုးတိုးတက်လာစေရေး အပြန်အလှန်အသုံးချမှု" နှင့် စပ်လျဉ်းသည့် နျူကလီးယားနှင့်ဆက်စပ် Problem များကို ၂၄ နာရီအတွင်း အကောင်းဆုံးအဖြေများ ပြန်လည်ဖြေကြားသည့် Hackatom ပြိုင်ပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး Public Discussion အစီအစဉ်တွင် နျူကလီးယားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဘွဲ့ကြို၊ ဘွဲ့လွန် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လူငယ်ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာအသိအမြင်များ၊ အတွေ့အကြုံဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများအား လေ့လာစူးစမ်းလိုစိတ်ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ မီဒီယာများမှတစ်ဆင့် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာအသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့ အထက (၁) ၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ



**တောင်ငူ ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်က ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကူးစက်ရောဂါများ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းတို့ကို အသိပညာပေး ဟောပြောဆွေးနွေးသည်။ ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်း၊ အထက (၁) ကျောင်းအုပ်ဆရာမကြီး နော်ဖောဇာအေးတို့က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်သည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကျောင်းသား ကျောင်းသူများအား အာဟာရ နို့ထမင်းတိုက်ကျွေးခြင်း ဆောင်ရွက်ပြီး ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊ စနစ်တကျသွားတိုက်နည်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ဆောင်ခြင်းတို့ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အကျပ်ရိုက်မှုအခြေအနေမျိုးမှ ရုန်းထွက်နိုင်ဖို့ ဆိုရာဝယ် .....

မောင်မောင်လင်း

(ယမန်နေ့မှအဆက်)

**မိုဒယ်အသုံးချမှုဥပမာများ**

Prisoner's Dilemma ကို နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့ ကဏ္ဍနယ်ပယ်စုံနဲ့ဆက်စပ်ပြီး လေ့လာနိုင်ပါတယ်–

(က) **နိုင်ငံရေး**။ နိုင်ငံကြီးနှစ်နိုင်ငံက အပြိုင်အဆိုင်လက်နက်တပ်ဆင်ဖို့ စီစဉ်နေတယ်။ နှစ်နိုင်ငံလုံးက လက်နက်တွေကို လျှော့ချတာက အကောင်းဆုံးဖြစ်ပေမယ့် တစ်နိုင်ငံတည်းက လက်နက်လျှော့ချမိသွားပြီး နောက်တစ်နိုင်ငံက လက်နက်ထပ်တိုးလိုက်ရင် အဲဒီနိုင်ငံ အကျိုးအမြတ် ရသွားမယ်ဆိုတဲ့ ယုံကြည်မှုပျက်ပြားမှုကြောင့် တစ်နိုင်ငံချင်းစီက လက်နက်ထပ်တိုး တပ်ဆင်လေ့ရှိပါတယ်။

(ခ) **စီးပွားရေး**။ Coca-Cola နဲ့ Pepsi လို အပြိုင်အဆိုင်ကုမ္ပဏီတွေဟာ ဈေးနှုန်းသတ်မှတ်တဲ့အခါ Prisoner's Dilemma ကို ကြုံတွေ့နိုင်ပါတယ်။ အကောင်းဆုံးအကျိုးအမြတ်ရရှိဖို့ဆိုရင် နှစ်ဖက်လုံးက အမြင့်ဆုံးဈေးနှုန်း သတ်မှတ်ရပါမယ်။ ဒါပေမဲ့ တစ်ဖက်က အနိမ့်ဈေးသတ်မှတ်လိုက်ပြီး များများရောင်းချနိုင်ခဲ့ရင် အဲဒီကုမ္ပဏီအတွက် အမြတ်ထွက်သွားမယ်။ တစ်ဖက်ကုမ္ပဏီရဲ့ အကျိုးအမြတ်လျှော့နည်းမှု ဖြစ်ပေါ်နိုင်ပါတယ်။

(ဂ) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**။ နိုင်ငံပေါင်းများစွာဟာ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချဖို့ သဘောတူညီချက်စာချုပ်ထားပါတယ်။ နှစ်နိုင်ငံလုံး ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချခဲ့ရင် သဘာဝပတ်ဝန်းကျင်အတွက် အကျိုးရှိမယ်။ ဒါပေမဲ့ တစ်နိုင်ငံကပဲ လျှော့ချပြီး နောက်တစ်နိုင်ငံက ထပ်တိုးထုတ်ခဲ့ရင် အဲဒီနိုင်ငံပဲ စီးပွားရေးကောင်းမွန်နိုင်မှာဖြစ်ပြီး ကမ္ဘာ့ပတ်ဝန်းကျင် ထိခိုက်စေနိုင်ပါတယ်။

(ဃ) **နည်းပညာတီထွင်မှု**။ ကုမ္ပဏီနှစ်ခုလုံးက နည်းပညာတီထွင်မှုအတွက် ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အားလုံးအတွက် အကျိုးရှိပါမယ်။ ဒါပေမဲ့ တစ်ဖက်က နောက်တစ်ဖက်ရဲ့ နည်းပညာကို ခိုးယူခဲ့မယ်ဆိုရင်တော့ နှစ်ဖက်လုံး ဆုံးရှုံးပါမယ်။

(င) **အားကစား**။ အားကစားပြိုင်ပွဲတွေမှာ အားကစားသမားတွေ စွမ်းရည်မြင့်တင်နိုင်ဖို့ တားမြစ်ဆေးအသုံးပြုတာကို ကန့်သတ်တာမျိုးမှာလည်း Prisoner's Dilemma ကို ကြုံတွေ့နိုင်ပါတယ်။ တစ်ဦးကသုံးခဲ့ရင်ဆိုတဲ့ နှစ်ဦးနှစ်ဖက်အကြား ယုံကြည်မှုပျက်ပြားပြီး နှစ်ဦးလုံး သုံးစွဲကြတာမျိုး ဖြစ်စေနိုင်ပါတယ်။

(စ) **လူမှုဆက်ဆံရေး**။ လူမှုဆက်ဆံရေးနယ်ပယ်မှာလည်း ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အခြေခံပြီး လူမှုဆက်ဆံရေးကို ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ တစ်ဦးနဲ့တစ်ဦးအကြား ယုံကြည်မှုမရှိခဲ့ရင် အပြန်အလှန် အပြစ်တင်နေတာမျိုးနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးပျက်စီးနိုင်ပါတယ်။ ဥပမာအားဖြင့် မိတ်ဆွေနှစ်ဦးအကြား တစ်ဦးနဲ့တစ်ဦး အကူအညီပေးခဲ့ရင် နှစ်ဦးလုံး အကျိုးရှိပါမယ်။ ဒါပေမဲ့ တစ်ဦးက နောက်တစ်ဦးကို လိမ်လည်ခဲ့ရင် နှစ်ဦးလုံးအကျိုးပျက်မှာ ဖြစ်ပါတယ်။ အိမ်ထောင်သည်နှစ်ဦးအနေနဲ့လည်း တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှသာ သာယာချမ်းမြေ့တဲ့ မိသားစုတစ်ခုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

> **“အွန်လိုင်းလုံခြုံရေးအတွက် အွန်လိုင်းအသုံးပြုသူအားလုံးက လုံခြုံရေးကို ဂရုပြုဖို့လိုအပ်ပြီး အဖွဲ့အစည်းတစ်ခုမှာ တစ်ဦးတစ်ယောက်က အွန်လိုင်းလုံခြုံရေး ဂရုမပြုမိတာကြောင့် လုံခြုံရေးစနစ်ကြီးတစ်ခုလုံး ပြဿနာဖြစ်ပေါ်နိုင်တာမျိုး၊ တစ်ဦးတစ်ယောက်ရဲ့ သတင်းအမှားဖြန့်ချိမှုကြောင့် လူမှုအသိုင်းအဝိုင်းရဲ့ ငြိမ်းချမ်းမှုထိခိုက်နိုင်တာမျိုး၊ ကျောင်းသားတွေ အဖွဲ့လိုက်လုပ်ငန်းလုပ်ဆောင်ရာမှာ ကြိုးကြိုးစားစားမလုပ်တဲ့တစ်ယောက်ကြောင့် တစ်ဖွဲ့လုံး အခက်အခဲဖြစ်သွားတာမျိုးတွေဟာလည်း အကျဉ်းသား၏ အကျပ်ရိုက်မှုမိုဒယ်နဲ့ ဆက်စပ်မှုရှိတဲ့ လက်တွေ့ဘဝနယ်ပယ်က ဥပမာအချို့ပဲဖြစ်”**

အထက်မှာဖော်ပြထားတဲ့ ဥပမာတွေသာမက အွန်လိုင်းလုံခြုံရေးအတွက် အွန်လိုင်းအသုံးပြုသူအားလုံးက လုံခြုံရေးကို ဂရုပြုဖို့လိုအပ်ပြီး အဖွဲ့အစည်းတစ်ခုမှာ တစ်ဦးတစ်ယောက်က အွန်လိုင်းလုံခြုံရေး ဂရုမပြုမိတာကြောင့် လုံခြုံရေးစနစ်ကြီးတစ်ခုလုံး ပြဿနာဖြစ်ပေါ်နိုင်တာမျိုး၊ တစ်ဦးတစ်ယောက်ရဲ့ သတင်းအမှားဖြန့်ချိမှုကြောင့် လူမှုအသိုင်းအဝိုင်းရဲ့ ငြိမ်းချမ်းမှုထိခိုက်နိုင်တာမျိုး၊ ကျောင်းသားတွေ အဖွဲ့လိုက် လုပ်ငန်းလုပ်ဆောင်ရာမှာ ကြိုးကြိုးစားစားမလုပ်တဲ့တစ်ယောက်ကြောင့် တစ်ဖွဲ့လုံး အခက်အခဲဖြစ်သွားတာမျိုးတွေဟာလည်း အကျဉ်းသား၏ အကျပ်ရိုက်မှုမိုဒယ်နဲ့ ဆက်စပ်မှုရှိတဲ့ လက်တွေ့ဘဝနယ်ပယ်က ဥပမာအချို့ပဲ ဖြစ်ပါတယ်။

အဲဒီဥပမာတွေကို လေ့လာခြင်းအားဖြင့် အကျဉ်းသား၏ အကျပ်ရိုက်မှုမိုဒယ်ကို ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝမှာ ဘယ်လိုအသုံးချနိုင်မလဲဆိုတာကို ပိုမိုရှင်းလင်းစွာ တွေ့မြင်နိုင်ပါတယ်။ ဒီမိုဒယ်ကို နားလည်ခြင်းဖြင့် ကျွန်တော်တို့ဟာ ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကိုချနိုင်ပြီး ပိုမိုကောင်းမွန်တဲ့ လူမှုဆက်ဆံရေးတွေကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

**အကျိုး၊ အပြစ်နှင့် ကန့်သတ်ချက်များ**

ဒီမိုဒယ်မှာ အားသာချက်များစွာရှိသလိုပဲ ကန့်သတ်ချက်နဲ့ အပြစ်အနာအဆာတွေလည်း ရှိနေပါတယ်–

(က) **အကျိုး**။ လူသားတွေဟာ ကိုယ်ကျိုးစီးပွားကို အဓိကထားပြီး ဆုံးဖြတ်ချက်ချလေ့ရှိကြတယ်ဆိုတာကို သဘောပေါက်စေပါတယ်။ မိမိတစ်ဦးတစ်ယောက်တည်းရဲ့ အကျိုးစီးပွားကို အဓိကထားလိုက်တဲ့ အခါမျိုးမှာ ပူးပေါင်းဆောင်ရွက်မှု ပျက်ပြယ်နိုင်တယ်ဆိုတာကို သဘောပေါက်စေပါတယ်။ ဒီမိုဒယ်ကို အသုံးပြုပြီး စီးပွားရေးယှဉ်ပြိုင်မှု၊ နိုင်ငံတကာဆက်ဆံရေးနှင့် လူမှုရေးပြဿနာတွေကို နားလည်စေဖို့အတွက် အထောက်အကူ ဖြစ်စေပါတယ်။

(ခ) **ကန့်သတ်ချက်နှင့်အပြစ်**။ အလွန်ရိုးရှင်းတဲ့ အခြေအနေမျိုးအတွက်ပဲ ဖြစ်နေပါတယ်။ လူသားတွေရဲ့ ဆုံးဖြတ်ချက်ချမှုကို ယုတ္တိဗေဒအပေါ်သာ မူတည်တယ်လို့ မှတ်ယူထားပြီး ယုံကြည်မှု၊ စိတ်ခံစားမှု၊ လူမှုရေးဆက်ဆံရေးစတဲ့ အခြားသောအချက်အလက်တွေကို ထည့်သွင်းစဉ်းစားခြင်း မရှိပါ။ လက်တွေ့ဘဝမှာ လူသားတွေဟာ ပိုမိုရှုပ်ထွေးတဲ့အခြေအနေတွေကို ရင်ဆိုင် ဆုံးဖြတ်ချက်ချရတာမျိုးတွေ ရှိနိုင်ပါတယ်။ လူတိုင်းက ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်ပြီး ဆုံးဖြတ်မယ်လို့ အမြဲတမ်းသတ်မှတ်လို့မရနိုင်ပါ။ ပြန်လည်ပေးဆပ်မှု၊ ကောင်းမွန်သော ဆက်ဆံရေး၊ လူမှုရေး ဖိအားစတဲ့ အခြားသော အချက်တွေကိုလည်း ထည့်သွင်းစဉ်းစားမှသာ လက်တွေ့ဘဝနဲ့ ကိုက်ညီမှာ ဖြစ်ပါတယ်။

> **“အကျဉ်းသား၏ အကျပ်ရိုက်မှုမိုဒယ်ဟာ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းနဲ့ နိုင်ငံတွေအကြား နှစ်ဦးနှစ်ဖက်ယှဉ်ပြိုင်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ဆောင်ရတဲ့ အခါမျိုးမှာ တင်းမာမှုတွေကို နားလည်သဘောပေါက် ရှောင်ရှားပြီး ပူးပေါင်းဆောင်ရွက်တတ်ဖို့ တိုက်တွန်းပေးလိုခြင်းဖြစ်ပါတယ်။ ဒီမိုဒယ်ဟာ လူမှုသိပ္ပံ၊ စီးပွားရေး၊ နိုင်ငံရေး စတဲ့ ကွဲပြားခြားနားသောကဏ္ဍတွေမှာ လူတစ်ဦးချင်းစီတိုင်းဟာ ကိုယ့်အကျိုးစီးပွားကို အများဆုံးရရှိဖို့ ကြိုးစားတဲ့အခြေအနေမျိုးမှာ မည်သို့မည်ပုံ ဆုံးဖြတ်ချက်ချလေ့ရှိတယ်ဆိုတာကို ရှင်းပြပေးတဲ့ သီအိုရီတစ်ခုဖြစ်”**

အကျဉ်းသား၏ အကျပ်ရိုက်မှုမိုဒယ်ဟာ လူသားတွေရဲ့ ဆုံးဖြတ်ချက်တွေကို အပြည့်အဝ ရှင်းပြနိုင်ပေမယ့်လည်း လူသားတွေရဲ့ စိတ်ခံစားချက်၊ ယုံကြည်မှု၊ ဆင်ခြင်တွေးခေါ်မှု စတဲ့ အခြားသောအချက်တွေကို ထည့်သွင်းစဉ်းစားနိုင်ခြင်း မရှိသေးမှုအပေါ် ဒီလိုဆန်းစစ်တွေ့ရှိပါတယ် –

“ရဲဘော်ရဲဘက်စိတ်ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရတဲ့ တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့လို အဖွဲ့အစည်းမျိုးမှာ တာဝန်ထမ်းဆောင်သူတွေကတော့ လုပ်ဖော်ကိုင်ဖက်အချင်းချင်းရဲ့ သစ္စာရှိမှုအပေါ် ယုံကြည်စိတ်နဲ့ “နှစ်ဦးလုံး နှုတ်ဆိတ်နေမယ်”၊ တစ်ဖက်သားအပေါ် စာနာစိတ်ရှိပြီး ကိုယ့်ကြောင့် တစ်ဖက်သား မနစ်နာစေလိုသူတွေ၊ လုပ်ရဲရင်ခံရဲရမယ်ဆိုတဲ့သူတွေကတော့ “တစ်ပါးသူကို အပြစ်ပုံမချ ကိုယ်တိုင်အတွက် အပြစ်ကို ဝန်ခံလိုက်မယ်”၊ မိမိအကျိုးထိခိုက်နစ်နာမှာကို စိုးစဉ်းမျှ မလိုလားသူတွေကသာ “အစိုးရသက်သေ လုပ်မယ်” ဆိုတဲ့လမ်းကြောင်းကို ရွေးချယ်မယ်လို့ ယူဆရပါတယ်။ ဒါပေမဲ့ နှစ်ဦးလုံးက အဲဒီလမ်းကြောင်းကို ရွေးချယ်မိရာက အပြန်အလှန် ဝန်ခံချက်နဲ့ နှစ်ယောက်လုံး ပိုမိုကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်ခံရတဲ့အခြေအနေလည်း ဖြစ်နိုင်ပါတယ်။

အချုပ်အားဖြင့် အကျဉ်းသား၏ အကျပ်ရိုက်မှုမိုဒယ်ဟာ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းနဲ့ နိုင်ငံတွေအကြား နှစ်ဦးနှစ်ဖက်ယှဉ်ပြိုင်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ဆောင်ရတဲ့ အခါမျိုးမှာ တင်းမာမှုတွေကို နားလည်သဘောပေါက် ရှောင်ရှားပြီး ပူးပေါင်းဆောင်ရွက်တတ်ဖို့ တိုက်တွန်းပေးလိုခြင်းဖြစ်ပါတယ်။ ဒီမိုဒယ်ဟာ လူမှုသိပ္ပံ၊ စီးပွားရေး၊ နိုင်ငံရေး စတဲ့ ကွဲပြားခြားနားသောကဏ္ဍတွေမှာ လူတစ်ဦးချင်းစီတိုင်းဟာ ကိုယ့်အကျိုးစီးပွားကို အများဆုံးရရှိဖို့ ကြိုးစားတဲ့အခြေအနေမျိုးမှာ မည်သို့မည်ပုံ ဆုံးဖြတ်ချက်ချလေ့ရှိတယ်ဆိုတာကို ရှင်းပြပေးတဲ့ သီအိုရီတစ်ခုဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုဒယ်က လူ့အဖွဲ့အစည်းမှာ လူတွေအကြားက ဆက်ဆံရေးတွေကို ပိုပြီးနားလည်ဖို့ ကူညီပေးနိုင်တာကြောင့် ဒါကို နားလည်ထားရင် ကျွန်တော်တို့ဟာ ပိုပြီးဉာဏ်ပညာရှိတဲ့ ဆုံးဖြတ်ချက်တွေကိုချနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူတိုင်းက ကိုယ့်အတွက် အကောင်းဆုံးဆိုတာကိုပဲ ရွေးချယ်မယ်ဆိုတာကို မမေ့သင့်သလို လူတစ်ယောက်ချင်းစီမှာ စိတ်ခံစားချက်၊ ယုံကြည်မှု၊ ဆင်ခြင်တွေးခေါ်မှု စတဲ့ အခြားသောအချက်တွေလည်း ရှိနိုင်ပါတယ်။ ဒီအချက်တွေကိုလည်း ထည့်သွင်းစဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချသင့်ပါတယ်။

ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးဆုံးအချက်တစ်ချက်ကတော့ ဒီမိုဒယ်အရ လူနှစ်ဦးဟာ တစ်ဦးနဲ့ တစ်ဦးအကြား ဆက်သွယ်ဆက်ဆံမှုမရှိဘဲ သီးခြားစီဖြစ်နေချိန်မှာ ဆုံးဖြတ်ချက်ချရတဲ့အခြေအနေမျိုးဖြစ်ပါတယ်။ အကယ်၍များ နှစ်ဖက်အကြား ထိတွေ့ဆက်သွယ်ခွင့်ရှိခဲ့ရင် ဆွေးနွေးညှိနှိုင်းစကားဝိုင်းတွေကနေတစ်ဆင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျဉ်းသား၏ အကျပ်ရိုက်မှုအခြေအနေမျိုးမှ ရုန်းထွက်နိုင်မှာဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ ။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၁၅

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း(Corruption Risk Assessment–CRA) နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ သင်တန်းနည်းပြဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး (Corruption Prevention Unit – CPU) များကို ဌာနစိတ်၊ ဌာနစု၊ ဌာနခွဲအလိုက် ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ အထူးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းသူ သင်တန်းသားများအနေဖြင့် ယခုပို့ချချက်များမှ ရရှိလာသည့် အသိအမြင်ဗဟုသုတများကို မှတ်သားလိုက်နာ၍ မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် ပါဝင်ကြရန်နှင့် မိမိမှစ၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဂတိလိုက်စားမှုကို ငြင်းဆန်ရန် တိုက်တွန်းလိုပါကြောင်း၊ အဂတိတရားကင်းရှင်းပြီး နိုင်ငံတော်နှင့် ပြည်သူများကို အကျိုးပြုမည့် ဝန်ထမ်းကောင်းများ ဖြစ်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းနည်းပြ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသို့ အရာထမ်း သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး




နေပြည်တော် ဩဂုတ် ၁၅

၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ်ပုလဲရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး တင်ဒါအမှတ်(၅) နှင့် တင်ဒါအမှတ်(၆)တို့မှ ပုလဲအတွဲပေါင်း ၂၄၀ နှင့် တင်ဒါမအောင်မြင်ခဲ့သည့် ပုလဲအတွဲများကို တင်ဒါဖွင့်ဖောက်ရောင်းချခဲ့ကာ မြန်မာ့ တောင်ပင်လယ်ပုလဲရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

နံနက်ပိုင်းမှစ၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသော ကျန်ရှိနေသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြကာ တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ်(၄၆၁)မှ အတွဲ အမှတ်(၅၈၀)အထိနှင့် တင်ဒါအမှတ်(၆)ဖြစ်သည့် ပုလဲအတွဲအမှတ်(၅၈၁)မှ ပုလဲအတွဲအမှတ် (၇၀၀)အထိ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများ ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တင်ဒါအမှတ်(၅)နှင့် တင်ဒါအမှတ်(၆)တို့မှ ပုလဲအတွဲပေါင်း ၂၄၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၉၆ တွဲရောင်းချရကြောင်း ကြေညာပြီး ယခင်နေ့များက တင်ဒါအမှတ်(၁)မှ တင်ဒါအမှတ်(၅)အထိ တင်ဒါမအောင်မြင်ခဲ့သည့် ပုလဲတွဲများကို တင်ဒါပြန်လည်ခေါ်ယူခဲ့ရာ ပုလဲအတွဲ ၁၄ တွဲ တင်ဒါအောင်မြင်ခဲ့၍ ယနေ့တွင် ပုလဲအတွဲပေါင်း ၂၁၀ ကို ရောင်းချနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ်ပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပုလဲရောင်းချပွဲ ဒုတိယနေ့တွင် ပုလဲအတွဲပေါင်း၂၃၀ အနက် ပုလဲအတွဲ ၁၇၇ တွဲကိုလည်းကောင်း၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း၂၃၀ အနက် ပုလဲအတွဲ ၁၈၄ တွဲကို လည်းကောင်း၊ စတုတ္ထနေ့တွင် ပုလဲအတွဲပေါင်း ၂၄၀ အနက် ပုလဲအတွဲ ၁၉၆ တွဲနှင့် ထပ်မံရောင်းချရသည့် ပုလဲအတွဲ ၁၄ တွဲ စုစုပေါင်းအတွဲ ၂၁၀ တို့ကို ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောင်မြင်စွာ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကမာရွတ်မြို့နယ်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန(ရန်ကုန်)သို့ အလှူငွေနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် မိသားစုများနှင့် အမျိုးသမီးကော်မတီဝင်အလှူရှင်များ စုပေါင်း၍ အလှူငွေနှင့်တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းကရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိလူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးကော်မတီနာယက ဒေါ်မော်မော်သန်း၊ ကော်မတီဝင်တာဝန်ရှိသူများနှင့် အလှူရှင်များက တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ကော်ဖီမစ်ထုပ်များ၊ လက်ဖက်ရည်ထုပ်များ၊ ကွေကာအုပ်ထုပ်များနှင့်အလှူငွေများကိုတာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာဝင်းက ကျောင်း၏ သမိုင်းကြောင်းကိုရှင်းလင်းပြောကြားကာ ဒုတိယကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပေါက်ခေါင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးထားရှိမှုအား ကွင်းဆင်းစစ်ဆေး



ပေါက်ခေါင်း ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသောသွင်းအားစုများကို အခြေခံသမဝါယမအသင်းရှစ်သင်း၊ အသင်းသား ၁၈၀ ၏ မိုးစပါးစိုက်ဧက ၁၂၀၀ အတွက် ငွေကျပ်သိန်း ၂၄၀၀ ကို ပံ့ပိုးပေးခဲ့ပြီး ဆင်ဖြူကန်ကျေးရွာအုပ်စု စန်းသော်တာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးခင်မောင်ချင်း၏ မိုးစပါးစိုက်ခင်းမှ ရက် ၉၀ စပါးမျိုးစိုက်ပျိုးထားရှိမှုကို ယနေ့နံနက်ပိုင်းကမြို့နယ်သမဝါယမဦးစီးဌာနနှင့်မြို့နယ် သမဝါယမအသင်းစုတို့မှတာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၀)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



ပဲခူး ဩဂုတ် ၁၅

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၀)နှစ်အောက် အမျိုးသား/အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် အမျိုးသားမီတာ(၈၀၀)၊ အမျိုးသမီး(၂၀၀)နှင့် အမျိုးသားမီတာ(၄၀၀) လက်ဆင့်ကမ်း ယှဉ်ပြိုင်နေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ၊ ဒေသခံ ပြည်သူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ(၁၆၀၀) လက်ဆင့်ကမ်းပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ(၂၀၀)အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ (၅၀၀၀)အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ(၈၀၀)အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး အလျားခုန်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသမီးတံခွန်စိုက် ပထမရရှိသော ပဲခူးခရိုင်အသင်း၊ ဒုတိယရရှိသော ပြည်အခရိုင်အသင်း၊ တတိယရရှိသော တောင်ငူခရိုင်အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ အမျိုးသားတံခွန်စိုက် ပထမဆုရရှိသော ပြည်ခရိုင်အသင်း၊ ဒုတိယရရှိသော ပဲခူးခရိုင်အသင်း၊ တတိယရရှိသော တောင်ငူခရိုင်အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၂၀၂၄ ခုနှစ် အသက်(၂၀)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုရရှိသော ပဲခူးခရိုင်အသင်းအား စုပေါင်းတံခွန်စိုက် ဆုဖလားနှင့် ငွေသားဆု ကျပ် ၁၅ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများကို **"အနာဂတ်မှာကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**



## အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)၌ လူငယ်စကားဝိုင်း ကျင်းပ

ရွှေပြည်သာ ဩဂုတ် ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)မှ ကျောင်းအုပ်ကြီး ဒေါက်တာမျိုးမင်းသန့်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံမှ ကထိက ဒေါ်ကြော့ကြော့ခိုင်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်စာပေ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(အင်းတိုင်)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

လှည်းကူး ဩဂုတ် ၁၅

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(အင်းတိုင်) တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူငယ်ရေးရာ ကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက် ပညာရေးမှူး ဦးသက်ဦးက လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပရခြင်း အကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းက အားကစားနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမူက လက်ခံရယူသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(အင်းတိုင်)မှ အထက်တန်းပြဆရာမဒေါ်မေသီတာကျော်တို့က ညှိနှိုင်းရေးမှူးအဖြစ်



ဆောင်ရွက်၍ အထက(အင်းတိုင်)မှကျောင်းသားကျောင်းသူများဖြစ်သည့် Grade 10 မှ မကြယ်စင်သော်က "လူငယ်နှင့်ပညာရေး"၊ Grade9 မှ မထားအိဝေက "လူငယ်နှင့် စာပေ"၊ Grade 9 မှ မမြပွင့်ဖြူက "လူငယ်နှင့် ယဉ်ကျေးမှု"၊ Grade 10 မှ မောင်စောမင်းပြည့်စုံလင်းက "လူငယ်နှင့် နည်းပညာ"၊ Grade 10 မှ မရေဇင်ကိုကိုက "လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း"၊ Grade 10 မှ မောင်သုတညဏ်က "လူငယ်နှင့် အားကစား" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ် အထက(ဂွေးပင်ကုန်း)၌ လူငယ်စကားဝိုင်းကျင်းပ

ဇီးကုန်း ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အထက (ဂွေးပင်ကုန်း)၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ဒုတိယ မြို့နယ်ပညာရေးမှူး ဦးမိုးမြင့်ဇော်တိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။

ဆက်လက်၍ Grade-10 ကျောင်းသား မောင်ကျော်ဇော်လင်းက "လူငယ်နှင့် အားကစား"၊ Grade-11 ကျောင်းသူ မမြတ်နိုးက "လူငယ်နှင့် စာပေ"၊ Grade-11 ကျောင်းသား မောင်ချမ်းမြေ့အောင်က "လူငယ်နှင့် မူးယစ်ဆေး"၊ Grade-10 ကျောင်းသူ မဆုမြတ်ရွှေစင်ဦးက "လူငယ်နှင့် ယဉ်ကျေးမှု"၊ Grade-10 ကျောင်းသူ မဂျူဂျူလင်းက "လူငယ်နှင့်စာရိတ္တ" စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြသူများက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များအား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ)အထက်သို့ ပေဝက်ခန့်(၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ(၃၉၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်(၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

တောင်ကြီး ဩဂုတ် ၁၅

အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်းကာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် ဩဂုတ်လတစ်လလုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၅ နံနက် ၁၀ နာရီက တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့်အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု ရက်သတ္တပတ်များအဖြစ် ပထမရက်သတ္တပတ်ကို မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရ ဖွံ့ဖြိုးရေး၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ်များအနေဖြင့် သတ်မှတ်ဆောင်ရွက်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဗီဒီယို ပြသသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ထို့နောက် အသက်ငါးနှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေ ဆေးလုံးများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က တိုက်ကျွေးပေးကြပြီး ကလေးများအား ကြက်ဥ၊ ပဲပေါင်မုန့်၊ ငှက်ပျောသီးနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရ ဆေးပြားများ၊ ကြက်ဥ၊ ကုလားပဲ၊ အိုင်အိုဒင်းဆားများနှင့် FoodBasket တို့ကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ညောင်လေးပင်ခရိုင်၌(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

ညောင်လေးပင် ဩဂုတ် ၁၅

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။



ပြိုင်ပွဲတွင် ညောင်လေးပင်ခရိုင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး အကဲဖြတ်ဒိုင်ချုပ်ဖြစ်သည့် ဦးလူလှက အကဲဖြတ်ဒိုင်အဖွဲ့များအား တစ်ဦးချင်းမိတ်ဆက်ကာ ပြိုင်ပွဲနှင့်ပတ်သက်သည့် အမှတ်ပေးစည်းမျဉ်းများကို ပြောကြားသည်။ ထို့နောက် အကဲဖြတ်ဒိုင်အဖွဲ့ကို တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးကြပြီး ညောင်လေးပင်ခရိုင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၂) ဦးလှမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါမြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ညောင်လေးပင်ခရိုင်အတွင်းရှိ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ဒိုက်ဦးမြို့နယ်တို့မှ အခြေခံပညာ( ၁၀-၁၅)အဆိုမဟာဂီတ(ကာလပေါ်)၊ အက(စန္ဒရား)၊ ဆိုင်းတီး၊ အတီး(မယ်ဒလင်)နှင့်၊ အခြေခံပညာ(၁၅-၂၀ ) အဆို(ကာလပေါ်)၊ အဆို(မဟာဂီတ)၊ အတီး(တယော)၊ ဝါသနာရှင် ပထမတန်း၊ ဝါသနာရှင် ဒုတိယတန်း၊ အဆို(မဟာဂီတ)(အမျိုးဂုဏ်)ခေတ်ဟောင်းကာလပေါ်၊ ပတ္တလား၊ အက စုစုပေါင်း မြို့နယ်ကိုယ်စားပြုပြိုင်ပွဲဝင် ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

၂၁၄



## အမြတ်ဝေစုပါသည့် နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) နှင့် အာမခံအကြောင်း ဟောပြောပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်နေသော အမြတ်ဝေစုပါသည့် နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) နှင့် အာမခံအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို ဩဂုတ်၁၅ ရက်က နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင် နေပြည်တော်တိုင်းတာဝန်ခံ ဒေါ်ချောစုမြတ်သန္တာလွင်က မြန်မာ့အာမခံလုပ်ငန်းမှ နိုင်ငံ့ဝန်ထမ်းအသက်အာမခံ ကာလတိုအကြောင်း ရှင်းလင်းပြောကြားပြီး အသက်အာမခံထားရှိခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ နိုင်ငံ့ဝန်ထမ်းများအတွက် အာမခံသက်တမ်း သုံးနှစ်၊ ငါးနှစ်နှင့် ၁၀ နှစ် စသည်ဖြင့် စိတ်ကြိုက် ရွေးချယ်ထားရှိနိုင်သည့် အမြတ်ဝေစုပါသည့် နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို)အား သီးသန့်လက်ခံဆောင်ရွက်ပေးမှုများနှင့် ပြည်သူအတွက် အကျိုးရှိစေမည့် အခြားအာမခံအမျိုးအစားများ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများက အသက်အာမခံ ကာလတိုအကြောင်းနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အသံလွှင့်ဌာနခွဲမှ ညွှန်ကြားရေးမှူးက မြန်မာ့အာမခံလုပ်ငန်းမှ ဟောပြောခဲ့သည့် နေပြည်တော်တိုင်းတာဝန်ခံအား အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။

သတင်းစဉ်

## ဒဂုံမြို့နယ်၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှုနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျောင်းကျန်းမာရေး လှုပ်ရှားမှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ပတ္တမြားခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ကျောင်းကျန်းမာရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂) ဦးမြင့်အေး၊ ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာအောင်ထွန်းဦးနှင့် မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာသန်းထိုက်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းအတွင်းပြသထားသော နံရံကပ်စာစောင်များနှင့် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ကျန်းမာရေးအသိပညာပေးဟောပြောပွဲကိုကျင်းပ



ခဲ့ရာကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ဥမ္မာထွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာအောင်ထွန်းဦးက ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့အေးက လူငယ်နှင့်ကျန်းမာရေး၊ စာဖတ်ခြင်း အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

လဲ့လဲ့(ပြန်/ဆက်)



## ဇလွန်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ဇလွန် ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းစုဥက္ကဋ္ဌ ဦးစောဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက ကာလလွန်ကြွေးကျန်များ အမြန်ဆုံးပေးဆပ်နိုင်ရေး၊ သမဝါယမစနစ်ဖြင့် ကုန်ထုတ်သမဝါယမ အသင်းများ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားမည့်နည်းလမ်းများ၊ ဆီထွက်သီးနှံ ဆောင်းနှမ်းကြာ၊ မြေပဲ၊ နှမ်းလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်နှင့်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်ယဉ်စိုးအေးက သမဝါယမဦးစီးဌာနက လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြား၍ အသင်းဝင် ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## လွိုင်ကော်မြို့ရှိ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများကို ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ



လွိုင်ကော် ဩဂုတ် ၁၅

ကယားပြည်နယ် လွိုင်ကော်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ ဥပဒေအသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ဥပဒေအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် လိုအပ်သလို ဥပဒေကို လေးစားလိုက်နာသည့် အလေ့အကျင့်များကို ငယ်စဉ်ကတည်းကပင် သင်ကြားပေးသွားရန် လိုအပ်ကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်း ကောင်းမွန်သည့် နိုင်ငံသားများကသာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအားလုံး ဥပဒေအသိပညာပေးခြင်းများကို မိမိတစ်ဦးချင်းသာမက မိမိပတ်ဝန်းကျင်ရှိ သူများကိုလည်း အသိပညာပေးမျှဝေပေးကြရန် မှာကြားလိုကြောင်း၊ ဥပဒေအသိပညာသိရှိတိုးပွားပြီး အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ ဓမ္မနှင့် အဓမ္မကို ခွဲခြားသိရှိနိုင်သည့် လူတော်လူကောင်းများ ဖြစ်လာစေရေး ကျင့်ကြံဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်ရုံး ပြည်နယ်ဥပဒေအရာရှိက ဥပဒေအသိပညာ ပြန့်ပွားရေး ဟောပြောပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အခမ်းအနားပြီးနောက် ဥပဒေအသိပညာပေး ဟောပြောပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဥပဒေအရာရှိ ဦးသိန်းထွန်းနှင့် ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများက Grade-11 နှင့် Grade-12 ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာရရှိစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပါအဝင် ကျောင်းသား ကျောင်းသူများ အခြေခံသိရှိထားသင့်သည့် နိုင်ငံတော်၏ တည်ဆဲဥပဒေ၅ခုကိုဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကြို့ပင်ကောက်မြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနား ကျင်းပ

ကြို့ပင်ကောက် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယမန်နေ့က အထက(ကြို့ပင်ကောက်) ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံး ဦးစီးအရာရှိ ဦးသန်းနိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းစိုးက ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်များ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းကျန်းမာရေးကူးစက်တာဝန်ခံ ဆရာဝန် ဒေါက်တာမေဇော်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်း၊ ကူးစက်ခြင်း ရောဂါလက္ခဏာများနှင့် ကာကွယ်ခြင်းအကြောင်းအရာတို့ကို ရှင်းလင်းပြောကြားပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ်အကြောင်းတို့ကို အသိပညာပေးဟောပြော၍ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်သီတာနွယ်က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါဖြစ်ပွားရခြင်းနှင့် ကာကွယ်ရမည့် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား စိတ်ဝင်စားဖွယ်အမေးအဖြေအစီအစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် အသိပညာပေးဟောပြာခြင်း၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များတွင် ရက်လွန်မုန့်များ၊ ကျန်းမာရေးနှင့် မညီညွတ်သောမုန့်များ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချကြသောဆိုင်ရှင်များအား အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဝေါမြို့နယ်၌ ကျန်းမာရေးအဆင့်မြင့်ကျောင်းထူးချွန်ဆုရကျောင်းများနှင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ဝေါ ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေးအဆင့်မြင့်ကျောင်းထူးချွန်ဆုရကျောင်းများနှင့် စာစီစာကုံး/ပန်းချီပြိုင်ပွဲဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဝေါမြို့အခြေခံပညာအထက်တန်းကျောင်း သီရိဇေယျာခန်းမ၌ ကျင်းပသည်။



ဦးစွာ ဝေါမြို့နယ် ကျောင်းကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာဆုဝေကျော်က ကျောင်းကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝေါမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ၂၀၂၄ ခုနှစ်တွင် ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်းထူးချွန်ဆုရ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တွင် ရရှိခဲ့ကြသော အခြေခံပညာကျောင်းများနှင့် ကျောင်းကျန်းမာရေးဆိုင်ရာ အခြေခံပညာထက်၊ လယ်၊ မူအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးကြည်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

## ကျိုက်ထိုမြို့ အမက(အောင်မင်္ဂလာ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ကျိုက်ထို ဩဂုတ် ၁၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် ရှိ အမက (အောင်မင်္ဂလာ)ကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



## မြစ်ကြီးနားမြို့နယ် ရေထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်တင်မြှောက်

မြစ်ကြီးနား ဩဂုတ် ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရေထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်က သမဝါယမလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍မှာကြားခဲ့ပြီး အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးအတည်ပြုကာ အသင်းသားများ၏ အစုပေါ်အမြတ် ငွေကျပ် ၈၂၆၉၃၀၀၊ စုဆောင်းငွေပေါ်အတိုးငွေကျပ် ၄၉၃၃၂၅၀ အား ပေးအပ်ပြီး တက်ရောက်လာသော အသင်းသား အသင်းသူ ၁၇၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၈၇၅၀၀၀ ကို ပေးအပ်ခဲ့သည်။

ထို့ပြင် အသင်းအမှုဆောင်သစ်ရွေးချယ်ပွဲကို မြို့နယ်ဖွဲ့စည်းရေးကော်မတီအဖွဲ့က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ဝင်၇ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# ရေနစ်မြုပ်မှုကြောင့် ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စပါးစိုက်ခင်းများကို အတိုးမဲ့ မျိုးစပါးနှင့် ဓာတ်မြေသြဇာဖိုးငွေ ကူညီပေးရန်စီစဉ်ထားဟု သိရ

ရန်ကုန် ဩဂုတ် ၁၅

ရေနစ်မြုပ်မှုကြောင့် ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စပါးစိုက်ခင်းများကို အတိုးမဲ့မျိုးစပါးနှင့် ဓာတ်မြေသြဇာဖိုးငွေကူညီပေးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများခဲ့ပြီး မြန်မာနိုင်ငံတွင်ရှိသည့် မိုးစပါးစိုက်ပျိုးဧရိယာများမှ ဧက ကိုးသိန်းကျော်၊ တစ်သန်းနီးပါးလောက် ရေလွှမ်းသောဒဏ်ကိုခံခဲ့ရရာ အချို့နေရာတွင် ပျိုးခင်းများရေမြုပ်သည့်အခါ ပြန်စိုက်ရခြင်းနှင့် ပျက်စီးသွားခြင်းမျိုးများလည်းရှိ၍ အစိုးရဘက်ကလည်း ထိုက်သင့်သည့် ပံ့ပိုးကူညီမှုများ လုပ်ဆောင်ပြီး ဆန်စပါးအသင်းချုပ်အနေဖြင့်လည်း ထိုက်သင့်သည့် ပံ့ပိုးကူညီမှုများလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။



နိုင်ငံတစ်ဝန်း ရေကြီးမှုဖြစ်စဉ်ကြောင့် နစ်မြုပ်ခဲ့သော စပါးစိုက်ခင်းအချို့ကို တွေ့ရစဉ်။

"ရေလွှမ်းတဲ့အနေအထားအပေါ်မှာတော့ စပါးသီးနှံက ရေရဲ့ဒဏ်ကိုတော့ အထိုက်အလျောက်ခံနိုင်တယ်၊ တချို့ရေပြန်ပေါ်သွားတဲ့နေရာ၊ ရေကျသွားတဲ့နေရာမှာတော့ ဘာမှသိပ်ပြီးတော့ ဆောင်ရွက်ဖို့မလိုအပ်တဲ့အနေအထားရှိပါတယ်။ ဒါပေမဲ့ တချို့နေရာမှာတော့ ပျိုးခင်းတွေရေမြုပ်တဲ့အခါမှာ ပြန်စိုက်ရတာတို့၊ ပျက်စီးသွားတာတို့ ဒါမျိုးတွေလည်း ရှိပါတယ်။ ဒီအပေါ်မှာ အစိုးရဘက်ကနေလည်း ထိုက်သင့်တဲ့ ပံ့ပိုးကူညီမှုတွေလုပ်တယ်။ ကျွန်တော်တို့အောက်ခြေမှာရှိတဲ့ ဆန်စက်လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ၊ ဆန်စပါးအသင်းချုပ်အနေနဲ့လည်း ထိုက်သင့်တဲ့ ပံ့ပိုးကူညီမှုတွေလုပ်ဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒါတွေကို စာရင်းနဲ့စနစ်တကျတင်ပြလာတယ်ဆိုရင် မျိုးကိစ္စတွေ၊ ဓာတ်မြေသြဇာကိစ္စတွေ စီစဉ်ပေးဖို့ လုပ်ထားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပြန်စိုက်ဖို့လိုအပ်တဲ့ အနေအထားအပေါ်မှာကြည့်ပြီးတော့ ငွေပြန်ပေးချေမှုကို အကြွေးပေးလိုက်တဲ့သဘောပေါ့၊ အတိုးမဲ့ မျိုးနဲ့ မြေသြဇာကို ပေးဖို့စီစဉ်ထားပါတယ်။ တချို့အတော့်ကို ခက်ခဲတဲ့နေရာမှာတော့ လှူလိုက်တဲ့ပုံစံမျိုးလေးလုပ်ဖို့ရှိပါတယ်။ ဒီအပေါ်မှာတော့ ကျွန်တော်တို့က စနစ်တကျ ပြန်စိစစ်ပြီးတော့ ဆောင်ရွက်နေတဲ့အနေအထား ဖြစ်ပါတယ်။ တင်ပြလာတဲ့အပေါ်မှာတော့ဆောင်ရွက်ဖို့ရှိပါတယ်"ဟု ဦးရဲမင်းအောင် က ပြောသည်။

ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စာရင်းများကို စိစစ်နေပြီး မျိုးစပါးနှင့် ဓာတ်မြေသြဇာကိစ္စ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ရေမြုပ်သွားသည့် နေရာတိုင်းမှ စပါးခင်းတိုင်း ပျက်စီးမသွားဘဲ ပြန်ပေါ်နိုင်သည့် အနေအထားအများကြီးရှိပြီး ရေပြန်ကျသွားပါက လိုအပ်သည့် အားဆေး၊ မြေသြဇာများကျွေးကာ ရောဂါပိုးမွှားမကျပါက ထိခိုက်မှုနည်းပါးကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

MT




## "Beautiful ASEAN" MRTV ORCHESTRA တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၁၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက် သောကြာနေ့ ည ၉ နာရီတွင် (၅၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် "Beautiful ASEAN" MRTV ORCHESTRA တင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သီဆိုဖျော်ဖြေတင်ဆက်မည်**

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သံစုံတီးဝိုင်း MRTV ORCHESTRA ၏ တင်ဆက်မှုနှင့်အတူ တေးသံရှင် စောဒယ်နီရယ်၊ မင်းမြတ်သော်၊ လင်းဘုန်းကျော်၊ စိမ့်နေခြည်၊ နန်းစန္ဒီ၊ မြနန္ဒာ၊ ဖူးကောရီဆောင်း၊ လဝန်းမေ၊ ခတ္တာနှင့် ချစ်စုစံတို့က အာဆီယံနိုင်ငံများမှ ထင်ရှားကျော်ကြားသည့် တေးသီချင်းများကို ယင်းဘာသာစကားများအလိုက် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

ယင်းအစီအစဉ်ကို MRTV App ၏ Entertain-ment Sector နှင့် MRTV Telegram တို့တွင်လည်း Live Streaming လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ ၂၀၂၄ ခုနှစ်မှ

ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌(အမျိုးသမီး) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ချောင်းဆုံမြို့နယ်၌ ၂၀၂၄ ခုနှစ် အသက် ၁၈ နှစ်အောက် ကျောင်းသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ချောင်းဆုံ ဩဂုတ် ၁၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမား ကောင်းများပေါ်ထွန်းလာစေရေး အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် မြို့နယ်အခြေခံပညာဦးစီးဌာနမှ ကျင်းပသော အသက် ၁၈ နှစ်အောက် ကျောင်းသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြို့နယ်မီတာ ၄၀၀ အားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်နာယက ဦးသံဒိုင်နှင့် မြို့နယ်ပညာရေးမှူး တာဝန်ခံဆရာကြီး ဦးသန်းမြင့်တို့က အမှာစကားပြောကြားကာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဘောလုံးပြိုင်ပွဲ စတင်နိုင်ရန်အတွက် ဘောလုံးကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ပွဲစဉ်အဖြစ် ချောင်းဆုံဇုန်နှင့် မုရစ်ကလေးဇုန်တို့ ယှဉ်ပြိုင်ကစားနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် မြို့နယ်ပညာရေးမှူးဖလား အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဇုန်အလိုက် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဩဂုတ် ၂၅ ရက်တွင် အကြိုဗိုလ်လုပွဲစဉ်နှင့် ဩဂုတ် ၂၇ ရက်တွင် ဗိုလ်လုပွဲစဉ်များကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အဆင့်မြင့်အပ်ချုပ်စက်သင်တန်းအား ကြည့်ရှုအားပေး

သထုံ ဩဂုတ် ၁၅

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

သထုံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားများ ပြောကြားပြီး သင်ထောက်ကူ ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကိုသထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၆ ရက်မှ စတင်ကာ ၄၅ ရက်ကြာ အခမဲ့ ဖွင့်လှစ်နေပြီး သထုံမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတို့မှ သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဝန်ကြီးချုပ် ဆရတ်သာသာဗီဆင် အား ရာထူးမှဖယ်ရှားသည့်စီရင်ချက် ထိုင်းနိုင်ငံ အခြေခံဥပဒေဆိုင်ရာခုံရုံးချမှတ်



ဗန်ကောက် ဩဂုတ် ၁၅

ထိုင်းအစိုးရအဖွဲ့အတွင်း ပြစ်မှုမှတ်တမ်းရှိခဲ့သူအား ဝန်ကြီးအဖြစ် ရွေးချယ်ခန့်အပ်ခဲ့သဖြင့်ဝန်ကြီးချုပ် ဆရတ်သာသာဗီဆင်အား ရာထူးမှ ဖယ်ရှားသည့် စီရင်ချက်ကို ထိုင်းနိုင်ငံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ယမန်နေ့တွင် ချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ဝန်ကြီးချုပ်ရုံး ဝန်ကြီးအဖြစ်ခန့်အပ်ခဲ့သည့် ပီချစ် ချူအန်ဗန်သည် ပြစ်မှုမှတ်တမ်း ရှိခဲ့သဖြင့် ၎င်းအား ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ခြင်းသည် အခြေခံဥပဒေကို ချိုးဖောက်ရာရောက်ကြောင်းနှင့် ဝန်ကြီးအဖြစ် ခန့်အပ်ခံရသူများ၏ ပြုမူဆောင်ရွက်ချက်များသည် ဂုဏ်သိက္ခာရှိရန်လိုအပ်ပြီး လူမှုရေးဆိုင်ရာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းရမည်ဖြစ်ကြောင်း တရားသူကြီးများက ဆုံးဖြတ်ခဲ့သည်။ ရှေ့နေအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် ပီချစ်ချူအန်ဗန်နှင့် ၎င်း၏လက်ထောက်များသည် ၂၀၀၈ ခုနှစ်က တရားရုံးချုပ်မှ တာဝန်ရှိသူများအား နေ့လယ်စာဘူးအတွင်း ဘတ်ငွေ နှစ်သန်းထည့်သွင်း၍ လာဘ်ပေးရန် ကြိုးပမ်းမှုကြောင့် တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခြင်းခံရသည်။

လက်ရှိအချိန်တွင် အောက်လွှတ်တော်က ဝန်ကြီးချုပ်သစ်ကို ထပ်မံရွေးချယ်ခြင်း မပြုမီကာလအထိ ဒုတိယ ဝန်ကြီးချုပ် ဖုန်သန့်ဝီချာရာချိုင်က ယာယီဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ မိမိအနေဖြင့် ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံအတွက် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကာ လူမှုရေးဆိုင်ရာကျင့်ဝတ်များကိုလည်းစောင့်ထိန်းခဲ့ကြောင်း ဝန်ကြီးချုပ် ဆရတ်သာသာဗီဆင်က ပြောကြားသည်။

**ပြန်လည်သုံးသပ်**

အစိုးရအနေဖြင့် ဆရတ်သာသာဗီဆင်အား ရာထူးမှဖယ်ရှားလိုက်သည့်အတွက် ၎င်းဆောင်ရွက်ရန် အဆိုပြုထားသည့် ဒစ်ဂျစ်တယ်ပိုက်ဆံအိတ် အစီအစဉ်၊ တံတားတည်ဆောက်ရေးအစီအစဉ်နှင့် လျှပ်စစ်ဓာတ်အား စီမံကိန်းအစီအစဉ်များ၏ မူဝါဒပိုင်းဆိုင်ရာတွင် ပြန်လည်သုံးသပ်ရဖွယ်ရှိသည်။

ထိုင်းအောက်လွှတ်တော်က ဩဂုတ် ၁၆ ရက်တွင် ဝန်ကြီးချုပ်အသစ်ကို မဲပေးရွေးချယ်မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ




# အစ္စရေးနိုင်ငံကို တိုက်ခိုက်ခြင်းမပြုရန် အီရန်နိုင်ငံအား တောင်းဆို

ဝါရှင်တန် ဩဂုတ် ၁၅

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဥရောပလေးနိုင်ငံမှ ခေါင်းဆောင်များသည် အီရန်နိုင်ငံအား အစ္စရေးနိုင်ငံကို တိုက်ခိုက်ခြင်းမပြုရန် တောင်းဆိုကြောင်း သိရသည်။

**ဆွေးနွေး**

ဂျိုးဘိုင်ဒင်သည် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် အီတလီ ခေါင်းဆောင်များနှင့် ဩဂုတ် ၁၂ ရက်တွင် အရှေ့အလယ်ပိုင်း အခြေအနေဆိုင်ရာ ကိစ္စရပ်များကို တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့သည်။

အမေရိကန်နှင့် အဆိုပါ နိုင်ငံများသည် အစ္စရေးနိုင်ငံအပေါ် အီရန်၏ရန်လိုမှုနှင့် အီရန်ကျောထောက်နောက်ခံပြု အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုကို ကာကွယ်ပေးမည်ဟု ပူးတွဲထုတ်ပြန် ချက်တစ်ခုတွင် ဖော်ပြထားသည်။

**ထုတ်ပြန်**

အစ္စရေးနိုင်ငံအပေါ် စစ်ရေးအရ တိုက်ခိုက်မည့် ခြိမ်းခြောက်မှုများ ရပ်တန့်ရန် အီရန်နိုင်ငံကို တောင်းဆိုပါကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

အီရန်နိုင်ငံ၌ ဇူလိုင် ၃၁ ရက်က ဟားမတ်စ်နိုင်ငံရေးခေါင်းဆောင် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံအား လက်တုံ့ပြန်ရန် အီရန်နိုင်ငံက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာဒေသငြိမ်းချမ်းရေး သဘောတူညီချက်ရရှိပါက အစ္စရေးနိုင်ငံအား တိုက်ခိုက်မည့်အရေး ဆိုင်းငံ့မည်ဟု အီရန်ပြောကြား

ဂျေရုဆလင် ဩဂုတ် ၁၅

ဂါဇာကမ်းမြောင်ဒေသ အရေး ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် သဘောတူညီချက် ရရှိခဲ့ပါက အစ္စရေးနိုင်ငံအား တိုက်ခိုက်မည့် အရေးကို ဆိုင်းငံ့ပေးမည်ဟု အီရန် တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့ အကြား စေ့စပ်ညှိနှိုင်းမှုများပြန်လည် စတင်ရန် အမေရိကန်နှင့် ကမ္ဘာ့ နိုင်ငံများက တိုက်တွန်းခဲ့သည်။

သို့ရာတွင် စေ့စပ်ညှိနှိုင်းမှုများ မအောင်မြင်ပါက တိုက်ခိုက်မှုများ ပြန်လည် ဆောင်ရွက်မည်ဟု အီရန် တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။



ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးက စစ်ဆင်ရေးများမရပ်ဆိုင်းပါက ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်မည်မဟုတ်ကြောင်း ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါကပြောကြားသည်။ လက်ရှိအချိန်တွင် အစ္စရေးတပ်မတော်က ဂါဇာတောင်ပိုင်းရှိ ခန်ယူနစ္စမြို့ကို ဝိုင်းထားသည်။ တိုက်ခိုက်မှုများ စတင်ခဲ့သည့် ယမန်နှစ် အောက်တိုဘာ ၇ ရက်မှ စတင်၍ လက်ရှိအချိန်အထိ ဂါဇာဒေသရှိ ဒေသခံ ၄၀၀၀၀ နီးပါးသေဆုံးကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# လာအိုအစိုးရက ပြည်ပသို့ လာအိုအလုပ်သမားများ စေလွှတ်ခြင်းဆိုင်ရာကိစ္စရပ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

ဗီယင်ကျန်း ဩဂုတ် ၁၅

လာအိုအစိုးရသည် နိုင်ငံသားများ ပြည်ပအလုပ်အကိုင်နေရာအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြီး ပြည်ပသို့ လာအိုအလုပ်သမားများ စေလွှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လာအိုအစိုးရက နိုင်ငံတကာစီးပွားရေးလုပ်ဖော်ကိုင်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လာအိုအလုပ်သမားများအား ပြည်တွင်း၌ရော နိုင်ငံတကာတွင်ပါ အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးရန် ကြိုးပမ်းလျက်ရှိသည်။

လာအိုအလုပ်သမားများ ပြည်ပသို့ စေလွှတ်ခြင်းဆိုင်ရာ အမိန့်ကို ၂၀၀၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းပြီးကတည်းက အလုပ်အကိုင်ရှာဖွေသူများသည် နိုင်ငံတကာ အလုပ်သမားဈေးကွက်များသို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။ ဝင်ငွေရရှိရန်နှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း လာအိုအလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ကူညီပေးလျက်ရှိသည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် လာအိုနိုင်ငံသားအရေအတွက်သည် ၂၀၁၇ ခုနှစ်တွင် ၄၉၄၄၃ ဦးရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၁၂၀၃၆၀ ရှိပြီး ၂၀၂၄ ခုနှစ်တွင် ၄၀၀၀၀၀ ကျော်ရှိကြောင်း၊ နှစ်စဉ် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၂၅ ဒသမ ၃ သန်း ဝင်ငွေရှာပေးခဲ့ကြောင်း သိရသည်။

လာအို အလုပ်သမား ဝန်ကြီးဌာနသည် ထိုင်း၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့အပါအဝင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အလုပ်သမားစေလွှတ်ရေး နားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

တိုးတက်ပြောင်းလဲနေသည့် လိုအပ်ချက်များ ပြည့်မီရန်အတွက် ဝန်ကြီးဌာနသည် အလုပ်အကိုင်နေရာချထားရေးဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း၊ လာအိုအလုပ်သမားများ စေလွှတ်ခြင်းဆိုင်ရာ အမိန့်ကို မွမ်းမံပြင်ဆင်ခြင်းနှင့် ပြည့်စုံပြီး လိုက်လျောညီထွေရှိသော လုပ်ငန်းမူဘောင်တစ်ခု ထွက်ပေါ်လာစေရန် အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများကို မြှင့်တင်ပေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည်အရေအတွက် ၁ ဒသမ ၆ သန်း စံချိန်တင်

စင်ကာပူ ဩဂုတ် ၁၅

ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သည့်နိုင်ငံခြားသားခရီးသည်အရေအတွက် ၁ ဒသမ ၆ သန်း စံချိန်တင်ခဲ့ပြီး နှစ်စဉ် ၂၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ထုတ်ပြန်သော နောက်ဆုံးစာရင်းဇယားများအရ သိရသည်။

အင်ဒိုနီးရှား၊ ဩစတြေးလျ၊ အိန္ဒိယ၊ တရုတ်နှင့် မလေးရှားတို့သည် စင်ကာပူနိုင်ငံ၏ အဓိက ခရီးသွားရင်းမြစ်နိုင်ငံများ ဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလမှစပြီး ဇူလိုင်လမတိုင်မီ စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သူ ၉ ဒသမ ၈ သန်းနီးပါး ရှိခဲ့သည်။ နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယခုနှစ်တွင် ၁၅ သန်းမှ ၁၆ သန်းအထိ ရှိနိုင်ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ခန့်မှန်းပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Ceramic Tile ၉၁၃ ဒသမ ၉၂ စတုရန်းမီတာ၊ Marble Tile ၂၄၅၇ ဒသမ ၆၀ စတုရန်းမီတာအပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၈၁၅၇၉)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Synergy Dietary Supplement ၂၉ ဘူး၊ Supermicro Refurbish Server လျှပ်စစ်အပိုပစ္စည်း လေးခု အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၀၆၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၁၄၁၅၇၉ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

### စစ်ဆေးမှုများဆောင်ရွက်

ထို့အတူ ဩဂုတ် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ သာမညမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Alcohol တစေးအမှုန့်ဘူး ၁၉၀၊ ထိုင်းနိုင်ငံထုတ် Nutrimix တိရစ္ဆာန်အစာ ၂၅ ကီလိုဂရမ်ပါအိတ် ၃၀၊ Bubble အစေ့ထုပ် ၉၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် ဟင်္သာဝိုင်းအနီး၌ လိုင်စင်မဲ့ Honda Partner ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ်သုည ဒသမ ၃၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၉၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၂၁၉၈ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ ဩဂုတ် ၁၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ဘူး ၂၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Shwe Nyi Ko Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Colinear Audio Speaker နှစ်လုံး အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၄၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၈၉၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၃ ရက်တွင် ဘုရားကြီးမြို့ လမ်းဆုံအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် မလေးရှားနိုင်ငံထုတ် ပုဇွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါပုံး ၄၀၊ ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါဘူး ၁၂၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၉၆ တန်၊ သစ်မာ ၁ ဒသမ ၆၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၅၄၄) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၇၇၅၄၄ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ ၇၃ လမ်း ၁၁၉ x ၁၂၀ လမ်းထိပ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စကော့တလန်နိုင်ငံထုတ် Gold Label Whisky ပုလင်း ၆၀၊ Red Label ၁၉၂ ပုလင်းအပါအဝင် ကုန်ပစ္စည်း ကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးမြို့ ၇၃ လမ်း ၁၁၉ x ၁၂၀ လမ်းထိပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Non-Dairy Creamer အထုပ် ၁၈၀၀၊ Vixol Bathroom Cleaner ပုလင်း ၁၅၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၇၅၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေး မိုင်တိုင်အမှတ် (၃၆၄/၁)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Golden Mountain ခရုဆီ ၁၃၆၈ ပုလင်း၊ ပုဇွန်နှစ်ကောင် စားအုန်းဆီ နှစ်လီတာပါဘူး ၂၄၀ နှင့် တစ်လီတာပါ ဘူး ၆၆၀၊ Uncle Barn's Tempura Flour အထုပ် ၂၃၈၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၅၆၄၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၁၅၉၉၂၁)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၈-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ အနန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓာတ္တဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လူမှုပတ်ဝန်းကျင်အတွက်ကောင်းကျိုးပြုရာ (နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာ)
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ရှိုးဝှက်အချစ်ရဲ့ကတားကွက်' (အပိုင်း-၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲက ရှေ့ရည်စိစ်မှတ်တမ်း' (အပိုင်း-၆)
- ၁၅:၀၀ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၅:၂၀ လှုငယ်ရေးရာအစီအစဉ်
- ၁၆:၄၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၀၅ ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာအလင်္ကာ
- ၁၇:၃၅ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရှိုးဝှက်အချစ်ရဲ့ကတားကွက်' (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'Beautiful ASEAN' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၂)

### mitv

- 07:01 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
- 07:13 Myanmar Guitarist
- 07:36 May Fragrance of Flower Last Forever (SEAVFC Kyaw Hninn Si)
- 07:50 Tea Export
- 08:01 News
- 08:26 Asia Updates; The Blessings of the Sea (NHK World)
- 08:31 A Visit To Ye
- 08:51 Mote Khwe Late from Intaing Village
- 09:01 Listening Pleasure, Instrumental Music (Xylophone) Shwe Min Gan
- 09:14 Faith & Worship (Part-2)
- 09:38 A Glimpse of Taungoo & its Delicacies
- 09:52 Waso or the Buddhist Lent
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (ဆွေမျိုးဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ပျားမွေးမြူရေး (လူသားတို့ရဲ့ကျေးဇူးရှင်များ)

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဝလေ့ဆိုရိုးစကားများ

**ဝကော်ကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ထူးဆန်းတစ်မူရှုသေ့ဗျူ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
မော်ဆန်တဲ့အလှတရားများရှိရာငှက်ကျွန်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်ခြင်း

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
မြင်းဘွာရွက်ရဲ့အစွမ်း

**ချင်း (ချို) (၁၆:၀၀ မှ ၁၇:၀၀)**
ဘုံတလာရေတံခွန်အကြောင်း

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
သစ်တိုသီးဝက်သားချက်နဲ့မျှစ်ဟင်းရည်

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၄)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
အင်းသားလေ့လျော်ကမ္ဘာကျော်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ FESTIVALS AROUND THE WORLD (အပိုင်း-၂၉)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၄)
- ၁၈:၀၀ Economic Review

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ 'သုတပဒေသာစိုက်ပျိုးနည်းပညာ' စီးပွားဖြစ်ကာစိတ်ချမ်းသာကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၇:၁၅ ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၁၈:၀၀ အနှိမ်ခံချစ်သူ (ဇာတ်လမ်း)
- ၂၂:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၁၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Hantharwady United FC Vs Shan United FC)

Scan Here
MRTV · MRTV · MRTV Radio · MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

✪ ကျောဖုံးမှ

ဝန်ထမ်းများကလည်း လမ်းချော်ကျသော သံလမ်းပြေးယာဉ်အား မတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရထားလမ်း ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်**

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် အဆန်ရထားလမ်း၏ အရှေ့ဘက်သံလမ်းနှင့် ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းဆောင်ရွက်နေသော ရထားပြေးဆွဲမှုမရှိသေးသည့် အစုန်ရထားလမ်း၏ အနောက်ဘက် သံလမ်းများ သုံးပေခန့်စီ ပြတ်ထွက်၊ ကွန်ကရစ်ဇလီဖားတုံး ၁၅ တုံးနှင့် သံလမ်းပြေးယာဉ်၏ ဘာဖာရှပ်တန်း ကျိုးသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်မြို့မှ ထွက်ခွာလာသည့် အမှတ် (၁) အဆန် ရန်ကုန်-မန္တလေး စာပို့ရထားသည် နံနက် ၈ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ အမှတ် (၁၁) အဆန် ရန်ကုန်-မန္တလေး လူစီးအမြန်ရထားသည် နံနက် ၉ နာရီ ၄၃ မိနစ်တွင် လည်းကောင်း ညောင်လေးပင် ဘူတာသို့ အသီးသီး ရောက်ရှိရပ်တန့်စောင့်ဆိုင်းခဲ့ရပြီး အမှတ် (၁၁) အဆန် လူစီးအမြန်ရထားသည် နံနက် ၁၁ နာရီ ၄၅ မိနစ်နှင့် အမှတ် (၁) အဆန် စာပို့ရထားသည် မွန်းလွဲ ၁၂ နာရီ ၇ မိနစ်တွင် ညောင်လေးပင်ဘူတာမှ အသီးသီး ပြန်လည် ထွက်ခွာနိုင်ခဲ့သဖြင့် အမှတ်(၁၁)အဆန် အမြန်ရထားသည် နှစ်နာရီ နှစ်မိနစ်နှင့် အမှတ် (၁) အဆန် စာပို့ရထားသည် သုံးနာရီ ၃၂ မိနစ် အသီးသီးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရသည်။

ထို့အတူ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် အမှတ် (၉၀၃) အဆန် ကုန်ရထားသည် ပြွန်တန်ဆာဘူတာ၌ နံနက် ၇ နာရီ ၅ မိနစ်မှ စ၍ စောင့်ဆိုင်းခဲ့ရသည်။ လမ်းပိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအား ယနေ့ မွန်းလွဲ ၁ နာရီခွဲ၌ ဆောင်ရွက်ပြီးစီး၍ ဖြူး - ညောင်လေးပင် ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ရထားများပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဖုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၇၁ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

**ကျူးလွန်ဖျက်ဆီးနေကြ**

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှု မရှိစေရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း နှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ညောင်ပင်သာနှင့်ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်ပြုပြင်ပြီးစီး၍ ရထားများပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းနေစဉ်။



ညောင်ပင်သာနှင့်ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းနှင့် ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်။



ညောင်ပင်သာနှင့်ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သောရထားလမ်းအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့်သံလမ်းပြေးယာဉ် (RGC – 89) လမ်းချော်ကျမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၄ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Nyein Yadana Bo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ် (၁) ရပ်ကွက်နေ ငြိမ်းရတနာဗိုလ်အား နံနက် ၇ နာရီ ၄၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် အမှတ် (၁၁) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂန့်ဂေါမြို့နယ် လုံခြုံကျေးရွာနှင့် မကျည်းခင်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ခိုးယူသွားကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လုံခြုံကျေးရွာနှင့် မကျည်းခင်ကျေးရွာတို့ကို ဩဂုတ် ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ရာ လုံခြုံကျေးရွာမှ နေအိမ်သုံးလုံး မီးလောင်ပျက်စီးခဲ့ပြီး ကားနှစ်စီးဖြင့် ပြည်သူပိုင်ပစ္စည်းများကို ခိုးယူသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူတစ်ဦးက လုံခြုံကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ထွက်ပြေးသွားစဉ် ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ခိုးယူခြင်းမှာ လုပ်ကြံသတင်း အမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများကိုသာ တစ်ဖက်သတ်စွပ်စွဲရေးသားလျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကို အချိန်မီတားဆီးဆောင်ရွက်နိုင်ခဲ့သည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြအကျဉ်းထောင်တွင် ထောင်အရာရှိနှင့် တန်းစီးများက နိုင်ငံရေးအကျဉ်းသားများအား ဖိနှိပ်နေသည်ဟု Tachileik New Agency သတင်းဌာနက မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြ

နေပြည်တော် ဩဂုတ် ၁၅

မြောင်းမြအကျဉ်းထောင်တွင် ထောင်အရာရှိနှင့် တန်းစီးများက နိုင်ငံရေးအကျဉ်းသားများအား ဖိနှိပ်နေ ခေါင်းစဉ်ဖြင့် Tachileik New Agency အမည်ခံ Facebook Page ၌ ဩဂုတ် ၁၃ ရက်က သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်စွပ်စွဲရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြေပြင်စိစစ်ချက်အရ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေ တစ်ခုခုကို ချိုးဖောက်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း။

မြောင်းမြအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသော အကျဉ်းသား အကျဉ်းသူများအား တာဝန်ရှိဝန်ထမ်းများက အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေနှင့်အညီသာ အုပ်ချုပ်လျက်ရှိပြီး ကျသစ်/ချုပ်သစ်များအား အကျဉ်းထောင်စည်းမျဉ်း၊ စည်းကမ်းများနှင့် ဆောင်ရန်/ရှောင်ရန်များကို သင်ကြားရာတွင်လည်း ငွေကြေးတောင်းခံခြင်း၊ ရိုက်နှက်ခြင်းများ မရှိဘဲ ၎င်းတို့နေထိုင်သော ပတ်ဝန်းကျင်နှင့် အိပ်ဆောင်အတွင်း၊ အပြင်သန့်ရှင်းရေးအလုပ်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စေခိုင်းခြင်းသာရှိကြောင်း။

အကျဉ်းထောင်အတွင်း တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းများ အရက်သေစာသောက်စားခြင်းကို ခွင့်မပြုဘဲ အရက်သေစာ သောက်စားလာပါက ထောင်တွင်းဝင်ခွင့်မပြုသည့်အပြင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အပြစ်ပေးခြင်းများ ပြုလုပ်ပြီး အကျဉ်းသား အကျဉ်းသူများအား အကြောင်းအမျိုးမျိုးပြ ငွေကြေးကောက်ခံခြင်း၊ မတရားညှဉ်းပန်းနှိပ်စက်ခြင်းများ မရှိစေရန် အကျဉ်းထောင်အုပ်ချုပ်သူ အရာရှိအဆင့်ဆင့်က ရုံးအမိန့်စာများ ထုတ်ပြန်၍ ညွှန်ကြားကြပ်မတ်ထားက၊ အကျဉ်းထောင်အတွင်း ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် အကျဉ်းသား အကျဉ်းသူများထံမှ ငွေကြေးကောက်ခံခြင်းမရှိဘဲ ဌာနရန်ပုံငွေဖြင့်သာ ဆောင်ရွက်ကြောင်း အကျဉ်းထောင်တာဝန်ရှိသူများထံမှ သိရသည်။

သို့ဖြစ်ရာ Tachileik New Agency အမည်ခံ Facebook Page က ဖော်ပြမှုသည် သတင်းအတု၊ သတင်းအမှားသာဖြစ်ပြီး ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ **ကိုဖြိုး**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၇-၈-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၆)၊ အမှတ် (၃၃) တွင် ခွန်အားထက် ဉာဏ်ပညာက ပို၍စွမ်းအားကြီးကြောင်း သရုပ်ဖော်ရေးဆွဲထားသည့် "ဉာဏ်ပညာဆိုသည်မှာ" မျက်နှာဖုံးကာတွန်း၊ နံရံကပ်စက္ကူ စတင်ပေါ်ပေါက်လာပုံနှင့် ပြုလုပ်နည်းအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "နံရံကပ်စက္ကူ" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဆံပင်ရှည်ထားသော ဦးကေကျီးနှင့် မုန့်စားရန်အခွင့်အလမ်း မရှိတော့သော အိမ့်နှစ်တို့အကြောင်း ဟာသဖြစ်ဖွယ်သရုပ်ဖော်ထားသည့် "အိမ့်နှစ်-ဆံပင်ရှည်ချစ်သူ" နှစ်မျက်နှာကာတွန်း၊ ကျောင်းသူလေးတစ်ဦးသည် လယ်သမားကြီးများ၏ ကျေးဇူးကို အောက်မေ့လျက် စာပိုကြိုးစားရန် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချလိုက်ပုံအကြောင်း ဖတ်ရှုရမည့် "ရိတ်ခြွေစက်ကြီး စီးကာရယ်" ဝတ္ထုကဏ္ဍ၊ မေ့တတ်လွန်းသော ဆိုက်ကားဆရာအကြောင်း ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "မေ့လွန်းသူ" တစ်မျက်နှာကာတွန်း၊ ဖီးနစ်ငှက်၏ ထူးခြားသော စွမ်းရည်သတ္တိများအကြောင်း လူသားတို့အတုယူဖွယ်ရေးဖွဲ့ထားသည့် ဆရာစိုးစံခေတ်ဟန်၏ "မဟာငှက်ဇာနည်" ကဗျာကဏ္ဍ၊ စကားပုံကဏ္ဍနှင့် အင်္ဂလိပ်စာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၂၉၈၅ | ၂၉၆၀ | ၂၉၁၀ | ၂၉၈၅ | ၂၉၉၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၉၀ | ၃၁၂၀ | ၂၉၇၀ | ၂၉၉၀ | ၃၀၂၀ | ၃၀၁၀ | ၃၀၂၀ | ၃၄၂၅ | ၆၁၀၀ |
| 95 Ron | ၃၀၄၅ | ၃၁၂၅ | ၃၁၀၀ | ၃၀၅၅ | ၃၁၃၀ | ၃၁၄၀ | ၃၁၅၅ | ၃၁၁၀ | ၃၂၃၅ | ၃၂၆၅ | ၃၁၁၅ | ၃၁၃၀ | ၃၁၆၅ | ၃၁၅၀ | ၃၁၆၅ | ၃၅၇၀ | ၆၃၀၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၄၀ | ၂၆၁၅ | ၂၅၆၅ | ၂၆၄၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၂၀ | ၂၇၄၅ | ၂၇၇၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၇၅ | ၂၆၆၅ | ၂၆၇၅ | ၃၀၈၀ | ၆၁၀၀ |
| HSD (50 ppm) | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၀ | ၃၁၉၅ | ၃၂၀၅ | ၃၂၂၀ | ၃၁၇၅ | ၃၃၀၀ | ၃၃၃၀ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၀ | ၃၂၂၀ | ၃၂၃၀ | ၃၆၃၅ | ၆၁၀၀ |
| HSD (10 ppm) | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၀ | ၃၁၉၅ | ၃၂၀၅ | ၃၂၂၀ | ၃၁၇၅ | ၃၃၀၀ | ၃၃၃၀ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၀ | ၃၂၂၀ | ၃၂၃၀ | ၃၆၃၅ | ၆၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၄၈ | ၂၈၃၇ |
| 95 Ron | ၂၈၈၈ | ၂၉၇၉ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၃ |
| HSD (50 ppm) | ၂၉၅၃ | ၃၀၄၁ |
| HSD (10 ppm) | ၂၉၅၃ | ၃၀၄၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက Mobile Training Busဖြင့် အလုပ်သမားရေးရာအသိပညာပေးဆွေးနွေးပွဲကို အရှေ့ဒဂုံ စက်မှုဇုန်ရှိ စက်ရုံလေးရုံတွင် ယနေ့နံနက် ၁၀ နာရီမှစတင်ကာ ဆွေးနွေးပွဲကျင်းပသည်။

### အသိပညာပေးဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဦးစီးအရာရှိဦးအောင်မြတ်သူတို့က ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အရှေ့ဒဂုံစက်မှုဇုန်ရှိ MAISHA (Myanmar) အထည်ချုပ်စက်ရုံတွင်လည်းကောင်း၊ MYANKA GARMENT အထည်ချုပ်စက်ရုံတို့တွင်လည်းကောင်း အသိပညာပေးဆွေးနွေးသည်။

ဆက်လက်၍ General Enterprises (GEG)(1) အထည်ချုပ်စက်ရုံတွင် လည်းကောင်း၊ Belink (Myanmar)Technology (Signal Cable) Co.,Ltd လျှပ်စစ်ပစ္စည်းစက်ရုံတို့၌လည်းကောင်း အလုပ်သမားများအား Mobile Training Bus အသုံးပြု၍ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၁၂-၈-၂၀၂၄ ရက်နေ့မှအဆက်)

"ကောင်းပါပြီ မခင်လေး၊ ကျွန်တော် သွားပါဦးမယ်။ မခင်လေး စကားကို ကျွန်တော် နောင်တနဲ့အတူ တစ်သက်လုံးမှတ်ထားပါ့မယ်။ ကျွန်တော့်အပြုအမူအတွက် မခင်လေး ကျွန်တော့်ကို တစ်သက်လုံး ခွင့်မလွှတ်ပါနဲ့"

ချာခနဲ ကျောခိုင်းသည်။ ခန္ဓာကိုယ်သည် အမှုန်အမွှားလေးတစ်ခု အဖြစ်ဖြင့် လေဟာပြင်ထဲသို့ လွင့်စဉ်သွားသည်။ တရှိန်းရှိန်းဖြစ်နေသော မျက်နှာနှင့်အတူ ရင်ထဲတွင် ဆူဝေလောင်မြိုက်နေ၏။

နောက်ဘက်ဆီမှ စောစောကရယ်သံများ ပြန်ကြားရသည်။

ကျွန်တော့် လက်အစုံသည် တင်းကျပ်စွာ ဆုပ်ပြီးသားဖြစ်သွား၏။ အံကို တင်းတင်းကြိတ်မိသည်။

ကျွန်တော့် ခြေထောက်အောက်က မြက်ပင်သည် ကျွန်တော်ဖြစ်နေ၏။

ခပ်ဝေးဝေးရောက်သည်အထိ သူတို့ဆီမှ ရယ်သံများ ကြားနေရသည်။

ကျွန်တော့်ပါးကို ကျွန်တော် ဘယ်ပြန်ညာပြန် ရိုက်ချင်လာသည်။

ပေါ်ဦးသည် ကျွန်တော့်ကို စိုးရိမ်သော သောကမျက်နှာဖြင့် ကြို့နေ၏။

ပေါ်ဦး မှီနေသော တောင်ပူဆောင် ဆင်ဝင်အုတ်တိုင်ကို ခေါင်းဖြင့် ပြေးမဆောင့်မိရန် စိတ်ကို မနည်းထိန်းထားလိုက်ရသည်။

"တောက်"

ရင်ထဲမှ တောက်ခေါက်သံသည် ဦးနှောက်အထိ လာလေသည် တကား။

*****

( ၃ )

အင်းလျားလမ်းသည် အမှောင်ဖြင့် တိတ်ဆိတ်နေ၏။

တစ်ချက်တစ်ချက်တွင် ပုစဉ်းရင်ကွဲ၏အသံကလွှမ်းမိုးသည်။

နီကြင်ကြင် မီးပွိုင့်လေးများသည် နှင်းထုကြောင့် ချည့်နဲ့နေသည်။

ကတ္တရာလမ်းမကြီးသည် အေးလွန်းသဖြင့် တုတ်တုတ်မျှမလှုပ်။

ပတ်ဝန်းကျင်တွင် အအေးသာရှိသည်။

သို့သော် ရင်တွင်း၌မအေး။ အေးသဖြင့် အအေးကိုလည်းမမှု။ ပေါ်ဦးကမူ ဆွယ်တာကို တင်းတင်းစေ့သည်။

"အေးကွာ . . . ဘယ်လိုကြီးမှန်းလည်းမသိဘူး"

အတန်ကြာ ဖွဲ့စည်းမှုရနေသော တိတ်ဆိတ်ခြင်းသည် ပေါ်ဦးအသံဖြင့် ပြိုကွဲနေ၏။

"ချစ်ရင်လည်း ချစ်တယ်၊ မချစ်ရင်လည်း မချစ်ဘူး။ ရိုးရိုးသားသား ပြောပေါ့၊ ခုဟာက. . ."

မကျေမနပ်ဖြင့် ပြောနေသော သူ့စကားကို တုံ့ပြန်ရန် မကြိုးစားမိ။ ကိုယ့်အတွေးနှင့်ကိုယ် ယောက်ယက်ခတ်နေသည်။ နေ့လယ်ကတည်းက လှုပ်နေသောစိတ်သည် ခုထိ နားခိုရာမရသေး။

"ပြီးတော့လည်း ဘာမှမဖြစ်သလို သူက အရယ်မပျက် အပြုံးမပျက် စကားဆက်ပြောနေသေးတယ်၊ သိပ်စော်ကားလွန်းတယ်ကွာ။ မိန်းမတွေဟာ ကောင်းကိုမကောင်းဘူး"

ကျွန်တော် ခေါင်းခါပြီး သူ့စကားအဆုံးတွင် ကိုယ့်အတွေးကို ဖြတ်၍ ဝင်ပြောမိသည်။

"ဆိုင်တော့ မဆိုင်ပါဘူး ပေါ်ဦးရာ၊ ဒါ စော်ကားတယ်လို့ ဘယ်ပြောလို့ဖြစ်မလဲ။ ငါနဲ့ပတ်သက်တဲ့ ခံစားမှု သူ့မှာမှမရှိဘဲ။ ငါ့ကို သူပြောပြီးရင် သူနေချင်သလို ဆက်နေမှာပေါ့။ ငါ မကျေနပ်တာက ငါ့ကိုယ်ငါ"

"ဘာဖြစ်လို့လဲ"

ပေါ်ဦးက လည်ပြန်ကြည့်၍မေးသည်။ ဘဝင်ကျသောအသံမဟုတ်။

"သူ့ကို ငါချစ်တာ ငါ့ကို ပြန်ချစ်ဖို့လေးတင် မဟုတ်ဘူးကွ။ ငါ့ဘာသာငါ ချစ်ချင်လို့ချစ်တာ။ သူမုန်းပေမယ့် သူ့ကို ငါချစ်ရမယ်။ မင်းပြောသလို မုန်းရှုးနေမယ့်အစား သူ့ကို ငါခွင့်လွှတ်မယ်။ ခွင့်လွှတ်လို့ရရင် သူ့ကို ငါ တစ်သက်လုံးချစ်သွားလို့ရပြီ"
"ထွန်းဝေ၊ မင်းဟာ ငါထင်တာထက်တောင် ပိုတော်ပါလား သူငယ်ချင်း။ လောကကြီးက မင်းလိုလူအတွက် ကြည့်နေမယ်မထင်ပါဘူးကွာ။ မင်း စိတ်မလျှော့နဲ့၊ မင်းကို ခင်လေး တစ်နေ့ချစ်လာမှာပါ"




"သူပြောသလိုပဲ ငါ သိပ်အောက်တန်းကျသွားတယ်။ သူ ရိုးရိုးသားသားခင်တာကို ငါ့ဘက်က ငါသိပ်တွက်လွန်းသွားတယ်။ စောစောက ငါသိဖို့ကောင်းတာပေါ့ကွာ။ ငါ့လိုကောင်ကို သူဘယ်လိုလုပ်စဉ်းစားမှာလဲ"

"ဟေ့ကောင် . . . မင်းစကားကို ငါ လုံးဝလက်မခံနိုင်ဘူး" ပေါ်ဦးက ခါးခါးသီးသီး ငြင်းသည်။ ကျွန်တော် ခေါင်းခါ၍-

"ဒါ အမှန်တရားပဲ ပေါ်ဦး"

"မဟုတ်ဘူးကွ၊ ဒါ အမှန်တရားမဟုတ်ဘူး။ လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကို လွတ်လပ်တဲ့ ယောကျ်ားလေးတစ်ယောက်က အခါမရွေး ချစ်ခွင့်ပန်နိုင်တဲ့ အခွင့်အရေးရှိတယ်"

ကျွန်တော် နာနာကြည်းကြည်း ရယ်လိုက်သည်။

"အေး. . .ဟုတ်တယ်၊ အဲဒီလိုပဲ အဲဒီလို ချစ်ခွင့်ပန်လာတဲ့အခါ မိန်းကလေးတစ်ယောက်ကလည်း သူငြင်းချင်တဲ့ပုံစံနဲ့ ငြင်းလို့ရတယ်။ ဒါ သူ့အခွင့်အရေးပဲ"

ပေါ်ဦးက ကျွန်တော့်ကို အံ့ဩစွာ ကြည့်၏။

"ဘာလဲဟ၊ မင်းက သူ့ဘက်ကပြန်ပြီး ရှေ့နေလိုက်နေတာလား။ မင်း ဘယ်လိုကောင်လဲ"

သူ့အမေးကို ကျွန်တော် သဘောကျသွားသည်။ အမှောင်ထဲ မီးရောင်ကျိုးတိုးကျဲတဲဖြင့် ရတနာဆောင်ကိုကြည့်ရင်း -

"ဘယ်လိုကောင်မှ မဟုတ်ဘူး ပေါ်ဦး၊ သူ့ဘက်က ရှေ့နေလိုက်တာလည်း မဟုတ်ဘူး။ ငါခံစားနေရတဲ့ဝေဒနာ သက်သာနိုင်သလောက် သက်သာအောင် သူ့ကို ခွင့်လွှတ်နေတာ"

"ဘာ . . သူ့ကို ခွင့်လွှတ်နေတာ"

ကျွန်တော် ခေါင်းညိတ်၍ -

"ဟုတ်တယ်၊ သူ့ကို ခွင့်လွှတ်နေတာ။ သူ့ကို ခွင့်လွှတ်နိုင်ရင် ငါ့ဝေဒနာ သက်သာသွားမယ်"

ပေါ်ဦး ရယ်သည်။ ရယ်သံသည် ကံ့ကော်ရွက်များကြားသို့ တိုးဝင်သွား၏။

"ဝေဒနာ သက်သာအောင်က လွယ်ပါတယ် ထွန်းဝေရာ။ အခု လှည်းတန်းသွားမယ်။ အဖြူတစ်ပိုင်းဆို မေ့လွန်းလို့၊ သက်သာလွန်းလို့ ဟိုဘက်တောင်လွန်သေး"

"မင်း တကယ်ပြောတာလား။ အဟုတ် . . . ငါ အရက်သောက်ရင် ဝေဒနာသက်သာမှာလား။ သူ့ကို မေ့သွားမလား"

"သိပ်မေ့၊ သိပ်သက်သာတာပေါ့ကွ။ နည်းနည်းသောက် နည်းနည်းမေ့၊ များများသောက် များများမေ့ သိပ်သစ္စာရှိတယ်။ သောက်ရင်မူးတယ်၊ မူးရင်မေ့တယ်၊ မေ့ရင် သက်သာတယ်။ လာ အခု သွားချမယ်"

ကျွန်တော်က စဉ်းစားဟန်ပြု၍ -

"မင်းဟာက ဘယ်လောက်ကြာအောင် သက်သာနေမှာလဲ၊ မေ့နေမှာလဲ"

"သောက်သလောက်ပေါ့ကွ၊ မူးနေသမျှ မင်းမှာ တခြားဝေဒနာ မရှိစေရဘူး"

"အမူးပြေရင်ကော"

"ထပ်သောက်ပေါ့"

"ဒါဖြင့် တစ်သက်လုံး မေ့ချင်ရင် ဘယ်လိုလုပ်မလဲ"

"တစ်သက်လုံး သောက်ပေါ့ကွာ"

"ဒါဖြင့် ဒီလူ့လောကကြီးထဲမှာ ငါ ဘာလုပ်ဖို့ နေဦးမှာလဲ"

"ဟ . . . ချစ်တဲ့သူက မုန်းပြီဆိုမှတော့ လောကဆိုတာ ဘာအဓိပ္ပာယ်ရှိဦးမှာလဲ"

ပေါ်ဦးက ဒီစကားကို ခပ်ဆတ်ဆတ် ပြောချသည်။ ကျွန်တော် ခေါင်းခါသည်၊ ရယ်သည်။ အနာရယ်. . .

"သူ့ကို ငါချစ်တာ ငါ့ကို ပြန်ချစ်ဖို့လေးတင် မဟုတ်ဘူးကွ။ ငါ့ဘာသာငါ ချစ်ချင်လို့ချစ်တာ။ သူမုန်းပေမယ့် သူ့ကို ငါချစ်ရမယ်။ မင်းပြောသလို မူးရူးနေမယ့်အစား သူ့ကို ငါခွင့်လွှတ်မယ်။ ခွင့်လွှတ်လို့ရရင် သူ့ကို ငါ တစ်သက်လုံး ချစ်သွားလို့ရပြီ"

ပေါ်ဦးက ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးမှ ကျွန်တော့် ပခုံးကို ကိုင်ဖက်၍ -

"ထွန်းဝေ၊ မင်းဟာ ငါထင်တာထက်တောင် ပိုတော်ပါလား သူငယ်ချင်း။ လောကကြီးက မင်းလိုလူအတွက် ကြည့်နေမယ်မထင်ပါဘူးကွာ။ မင်း စိတ်မလျှော့နဲ့၊ မင်းကို ခင်လေး တစ်နေ့ချစ်လာမှာပါ"

သူ့စကားသည် နှင်းမှုန်များကဲ့သို့ပင် ယာယီအအေးကို ဖန်တီးနေခြင်းဟု ကျွန်တော် သဘောပေါက်သည်။

ကျွန်တော့် မျက်လုံးအစုံသည် မှောင်နေသော အင်းလျားလမ်း တစ်လျှောက်ကို ဝေဝေဝါးဝါး လှမ်းကြည့်လိုက်မိသည်။

ရှည်လျားသောလမ်း၏ ခပ်လှမ်းလှမ်း တစ်နေရာတွင် တက္ကသိုလ်ရိပ်သာလမ်းနှင့်ဆုံရာ မီးပွိုင့်မှ မီးရောင်လေးကို လှမ်းမြင်လိုက်ရ၏။

မှုန်သောအလင်းသည် အနီရောင်ကို ပြသည်။

ရပ်။

*****

အိပ်ရာပေါ် ခေါင်းချလိုက်သည်နှင့် ခင်လေးကို အရင်တွေ့သည်။

အလင်းပြောက်ကျားစွန်းသော ခြင်ထောင်အမိုးတွင် ခင်လေးသည် တင်းမာသောမျက်နှာဖြင့် ရပ်နေ၏။

တစ်နေ့လုံး ထိန်းထားသောမျက်ရည်သည် ခုမှ ရဲရဲတင်းတင်း ဝဲရဲလာသည်။

အင်းလျားလမ်းမှ ပြန်လာပြီး အိပ်မရသဖြင့် ထိုင်ရေးခဲ့သော ကဗျာလေးသည် နားထဲတွင် အသံဖြင့် ပဲ့တင်ရိုက်လာ၏။

*ပြန်ပဲ့မယ်လေ . . .*
*ဝေဝေဝါးဝါး၊ လမ်းဆုံကြားဝယ် . . .*
*ဗျာများမသင့်၊ ဝေးရာလွင့်မယ်*
*သခင့်ဝန်းကျင် . . . မငြိမ်းချမ်း။*
*သခင့်ထံမှာ*
*အရုဏ်သောက်မှ ဆည်းဆာကျထိ*
*ဘဝသက်လုံး ခိုချင်လည်း . . .*
*သခင့်အနမ်း*
*နှင်းသောက်ပန်းနှင့်၊ အလွမ်းသင့်၍*
*လေလွင့်မြူးထူးနေချင်လည်း . . .*
*ပန်းများမဖူး*
*ကြယ်မမြူးသော၊ ချစ်ဦးသဲကျွန်း*
*ကန္တာစွန်းမှာ*
*အလွမ်းဘီလူး စောင့်တော့တယ် . . .*
*မှောက်မိုက်ညိုပြာ*
*သခင့်ရွာမှာ၊ ကျိန်စာတတ်မျိုး မာယာဆိုးနှင့်၊ အငြိုးဆိပ်လူး*
*မုန်းဘီလူးလည်း စောင့်တော့တယ် . . .*
*သည်တော့ ပြေးပဲ့မယ်လေ . . .*
*ဝေဝေဝါးဝါး၊ မျှော်လင့်အားနဲ့*
*စောင့်စားမသင့်၊ ဝေးရာလွင့်မယ်*
*သခင့်ဝန်းကျင် နေတစ်ထောင် . . .။*

သက်ပြင်းနှင့်အတူ မျက်ရည်များစုလာ၏။ အာရုံထဲတွင် လက်မှတ်ထိုးသော ကံ့ကော်ရွက် ထင်လာသည်။

သို့သော်လည်း သည်အာရုံကို ခင်လေးအသံက ဝင်ဖျက်ဆီး၏။

"တော်တော့ ကိုထွန်းဝေ၊ ရှင် ဘာမှ မပြောနဲ့တော့။ ကျွန်မ ရှင်နဲ့ ဘာစကားမှ မပြောချင်ဘူး"

မျက်လုံးကို အတင်းမှိတ်ပစ်မိသည်။ အတင်းတိုးထွက်ပေါ်လာသော ရှက်စိတ်ကို ရအောင်ဖျောက်ပစ်သည်။ သို့သော် ခင်လေး၏ အသံသည် ကျွန်တော့် ကြိုးစားခြင်းကို တစ်ဖန်ပြန်၍ ဖျက်၏။

**(ဆက်လက်ဖော်ပြပါမည်)**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဗိုလ်ချုပ်လမ်း၊ ဘုရားကြီးရပ်ကွက်နေ အဖ ဦးခင်မောင်စိုး၏ သမီး မလင်းလဲ့ရည်မွန် [၈/မသန(နိုင်) ၁၀၄၂၈၄]၏ နိုင်ငံကူးလက်မှတ် အမှတ် (MD–135078)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၄၂၁၇၀၃၈၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက်မှ မြေညီထပ်(ယာ)၊ အကျယ်အဝန်း (၁၂½ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမာမက်မူဆာ [၁၁/မတန (နိုင်) ၀၂၉၉၈၅]မှ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းသီတာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၇၂၀)**
**အမှတ်– ၂၄၅ ၊ အခန်း (1/C) ၊ ဗိုလ်မင်းရောင်လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉– ၇၅၉၂၆၀၂၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အကွက်အမှတ် (၆၇၂/A)၊ ကျောင်းကုန်းမြောက်ကွက်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ တော်ဝင်လမ်းနှင့် နှင်းဆီ (၉)လမ်းကြား၊ ဦးပိုင်အမှတ် (၅၉)၊ မြေကွက်အမှတ် (D–၃၈)၊ ဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) (အလျား ၂၀ပေx အနံ ၆၀)ပေရှိ ဦးငွေးမြင့် အမည်ပေါက် အိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ ဆက်စပ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဒေါ်လှကြွယ် [၁၀/မဒန(နိုင်) ၁၈၀၂၃၇]မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ စောချစ်ဆက်ထွန်း [၁၂/သလန(နိုင်) ၀၉၇၆၅၄]က ဝယ်ယူရန်သဘောတူသည့်အလျောက် နှစ်ဖက်ညှိနှိုင်းပြောဆိုထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ရောင်းချသည့်မြေကွက်နှင့်ပတ်သက်သည့် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဦးလှိုင်ဘွား (LL.B)** | **ဦးအောင်ဆန်းဦး(LL.B)** | **ဒေါ်တင်မေဦး(LL.B)** |
| **D.B.L.,D.M.L.,D.I.L.,D.I.R** | **စဉ်–၁၈၆၀၈** | **စဉ်– ၅၃၉၄၈** |
| **စဉ်– ၈၄၉၄** | **(၃၁–၁၀–၂၀၂၃)** | **(၂၀–၁၁–၂၀၂၀)** |
| **(၂၅–၁၀–၂၀၁၂)** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ** | | |

**အမှတ် (၅၅)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၁၀၅၆၀၈၄၊ ၀၉–၉၇၀၈၀၉၅၆၈**

## “အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၂၇)တွင် နေထိုင်သူ ဦးဟိန်းပြည့်စုံ [၁၂/ကမတ(နိုင်)၀၇၁၅၆၈] သည် ၂၀၁၉ ခုနှစ်ကတည်းက မြန်မာအရှေ့တိုင်းဘဏ်လီမိတက်(ရုံးချုပ်) ချေးငွေဌာနတွင် အောက်ဖော်ပြပါကားများနှင့်ပတ်သက်သော Owner Book(မူရင်း), Premium စာအုပ်(မူရင်း)နှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များအား အာမခံအပေါင်အဖြစ်ပေးအပ်၍ Vehicle loan ချေးငွေရယူထားခဲ့ပြီး အရင်းအတိုးပေးသွင်းရန် ပျက်ကွက်သဖြင့် မြန်မာအရှေ့တိုင်းဘဏ်လီမိတက်မှ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားတစ်ထုံးစွဲဆိုခဲ့ပြီး ယခုအခါ လေလံတင်ရောင်းချနေသောအဆင့်တွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း အဆိုပါကားများကို လက်ခံထားသူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(1) 4J/6972(2014) Yutong (2) 4J/2275(2014)Yutong
(3) 7M/7998(2008)Nissan (4) 3N/8400(2017)Volvo
(5) 3N/8386(2017)Volvo

**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်(ရုံးချုပ်)၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်ထက်အောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်–၅၃၂၈၈/၂၀)**
**အမှတ်(၁၁၀)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၆၉၄၅၁၃၆၂**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၇)၊ မြပုလဲသွယ်လမ်း၊ မြေကွက်အမှတ် (၁၀၅၁) ဟုခေါ်တွင်သော ဦးမြလှိုင် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ် (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်ကိုမျက်နှာမူလျှင်– ညာဘက်)ရှိ ပါမစ်မိတ္တူခြမ်း၊ မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန့်ဇင် [၇/ပမန(နိုင်) ၁၀၃၅၅၉]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်တင်တင်ရီ [၁၂/ဒဂမ(နိုင်) ၀၀၀၅၁၄]နှင့် ဒေါ်မျိုးမြင့်သန်း [၁၂/ဒဂရ(နိုင်) ၀၀၉၈၇၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူများ** | **ညွှန်ကြားချက်အရ –** |
| **ဒေါ်တင်တင်ရီ၊** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |
| **ဒေါ်မျိုးမြင့်သန်း** | **တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၄၆၀)** |

**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉– ၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနေ–၁၅ လမ်း/A၊ တိုက်အမှတ်(၂)၊ အခန်းအမှတ် (၀၀၂)၊ မြေညီခန်း၊ အကျယ်အဝန်း (၂၃ ပေx ၂၆ ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက် ဒေါ်အေးအေးမြင့် [၁၂/အစန(နိုင်) ၀၃၁၅၀၃]ထံမှ အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သန်းချိုဝင်း [၁၀/မလမ(နိုင်) ၀၀၆၉၁၃] ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မိုးရွှေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၅၀၉၄၄၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ ရောဝဏ်လမ်း၊ အင်းဝအိမ်ရာ၊ ၄ခန်းတွဲ (၅)ထပ်၊ အမှတ်(၄၃)၏ စတုတ္ထထပ်ဟုခေါ်တွင်သော အခန်းအမှတ် (၄၀၁)၊ အကျယ်အဝန်း (၇၄၀) စတုရန်းပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် ဦးသူရ(ခ) အဲလ်ဘတ်စိန်ဝင်း [၁၂/ဗဟန(နိုင်)၀၅၅၅၈၁] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးစောဖလယ်ကော် [၂/ဖဆန(နိုင်) ၀၀၀၃၂၇]၏ကိုယ်စား ဒေါ်အေးအေးသိန်း [၁၂/ဒဂတ(နိုင်) ၀၀၅၃၅၁]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မိုးရွှေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၅၀၉၄၄၅၇**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ အပိုင်း– ၁၊ မြင်းကပါလမ်း၊ (၈ခန်းတွဲ)၊ (၅) ထပ်တိုက်အဆောက်အဦ၏ တိုက်အမှတ် (၇၈)၊ အခန်းအမှတ် (၂၀၇)၊ ဒုတိယထပ် (ခြေရင်းခန်း)ဟုခေါ်တွင်သော ဧရိယာ (၄၈၄)စတုရန်းပေရှိ တိုက်ခန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမြင့်နောင် [၁၂/သဃက(နိုင်)၀၂၁၆၀၈]အမည်ဖြင့် ချထားပေးသောတိုက်ခန်းဖြစ်ပြီး၊ အဆိုပါတိုက်ခန်းအား ယခုရောင်းချသူ ဒေါ်တင်ဝင်းဝင်းသန်းမှ အရောင်းအဝယ်စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ်ပြုသည့် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဝင်းဝင်းသန်း [၁၂/အစန(နိုင်) ၀၈၉၀၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အပြီးအပိုင်လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင့်နှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းယုရွှေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၃၃၆)**
**အမှတ် (၂၀၄)၊ မြိတ်လမ်း၊(၂၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၄၃၁၆၈၀၀၃၊ ၀၉–၇၇၃၁၆၈၀၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်မြင့်အောင်လမ်း၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် ( ဏ/၂၅ ဂရန်မှတ်သားချက်အရ)၊ ဦးပိုင်အမှတ် (၁၆/၁၉၃– စာရင်းမြေပုံမှတ်သားချက်အရ)၊ မြေကွက်အမှတ် (ခ/၃၇၇)၊ ဧရိယာ (၀.၀၆၆)ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ်– RPNO–162 V/1990–1991 အရ ဒေါ်တင်တင်ဝေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရရှိထားကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စံပယ်ဖြူ (ဘ) ဦးကျော်မြင့် [၁၀/ပမန(နိုင်)၀၀၁၁၄၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသည့် ၁။ ဦးလင်းသူ (ဘ) ဦးသန်းထွန်း [၁၂/သခန(နိုင်) ၁၀၃၄၈၃]၊ ၂။ ဒေါ်ဥမ္မာဆွေ (ဘ) ဦးညွှန့်သိန်း [၁၂/သခန(နိုင်) ၀၉၆၀၅၄]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်– ၈၉၄၉/၂၀၁၃)** | **(စဉ်– ၉၇၃၄/၂၀၁၄)** |
| **၀၉–၄၂၁၀၅၃၁၁၀** | **၀၉–၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်- FMI City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၀၂၀)၊ ဧရိယာ(၀. ၁၁၀)ဧကရှိ ဦးခင်မော်ဟိန်း(ခ)ဦးမော်ဟိန်း(၁၂/ဗတထ(နိုင်)၀၀၉၁၄၃)နှင့် ဒေါ်ရွှေကြည်(ခ)ဒေါ်ခင်မြင့်(၁၂/ဗတထ(နိုင်)၀၀၉၁၄၄)တို့အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ FMI City အိမ်ရာ၊ မင်္ဂလာ(၂)လမ်း၊ တိုက်အမှတ်(K-42)ဟုခေါ်တွင်သော(၂)ထပ်တိုက်နေအိမ်အဆောက်အဦတစ်ခုအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူတို့ထံမှတစ်ဆင့်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဒေါ်မုန်လန့်(၁၃/လရန(နိုင်)၀၈၉၅၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
**LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).**
အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁ ၂၃၈ ၂၈၊ ၀၉ ၅၁၅၄၆၉၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၅၀၃)၊ ဧရိယာ (၄၀ပေx ၆၀ပေ) အကျယ်အဝန်းရှိသော ဦးအေးကြည် (ဒုအရာခံဗိုလ်) [၁၂/မဂဒ(နိုင်)၀၁၀၁၃၁] အမည်ဖြင့် ထုတ်ပေးထားသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး၊ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သော ဦးပိုင်သူမိုး [၆/မမန(နိုင်) ၁၇၃၇၇၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးနန်းမူ [၁၂/ဒဂတ(နိုင်)၀၈၈၉၄၂]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်ဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၀၄၁)**
**အမှတ်(၁၃၀)၊ အနော်ရထာလမ်း၊ ကြီးပွားရေး/မြောက်ပိုင်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၄၄၄၈၈၈၅၀၈**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ တိုက်အမှတ်–(၁၄)၊ ၆–ထပ်တိုက်/၅–လွှာ၊ အကျယ်အဝန်း (၂၅ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဂျာဆိုင်းဘူ [၁/ဝမန(နိုင်) ဝ၇၃၅၃၄]က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်စိုးအောင် [၁၁/ဂမန(နိုင်) ၀၃၆၅၄၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိသန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၁၀၃၈)**
**အမှတ်(၂၂)၊ ဦးဖိုးလမ်း၊ စမ်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 425014189**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ မြေကွက်အမှတ်(၄၃)ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ အခန်းအမှတ်(၁၃၃)၊ (B3)ဒုတိယထပ်၊ (၃)လွှာ၊ ခြေရင်းခြမ်း ဟုခေါ်တွင်သော (အလျား ၁၂½ပေx အနံ ၅၀ပေ) အကျယ်အဝန်းရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုထားသော ဒေါ်မိမိရီ [၁၂/စခန(နိုင်)၀၀၂၅၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ထွေးမြင့် [၁၂/လသယ(နိုင်) ၀၄၉၉၀၉]က ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးကျော်နိုင်ဦးLL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၉၂၇၃)**
**အမှတ်(၁၅၅)၊ ခေမာ(၃)လမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၀၀၀၇၂၆**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၇၆၂)၊ အကျယ်အဝန်း (၂၄၀၀)စတုရန်းပေရှိ ဒေါ်ခင်မာကြည် [၁၂/ဥကတ(နိုင်) ၁၄၉၁၁၀] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၆၂)၊ စာဂ(၁၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေ၊ အဆောက်အဦနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါ မြေ၊ အဆောက်အဦနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ပိုင်ဆိုင်သူ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း၊ ဝန်ခံကတိပြုရောင်းချသူများဖြစ်ကြသော ဦးသန့်ဇင်အောင် [၁၂/ရကန(နိုင်) ၀၇၇၃၂၁]နှင့် ဦးပြည့်ဖြိုးအောင် [၁၂/ရကန(နိုင်) ၀၈၁၇၇၂] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းမြေ၊ အဆောက်အဦနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်(မူရင်း)များနှင့်အတူတကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းထက်ထက်ဇော် (LL.B, D.B.L, D.I.L, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၇၁၇)**
**အမှတ်–၄၅၀၊ ပါရမီလမ်းသွယ် (၃)၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၄၆၄၉၄၆၄၅၊ ၀၉–၂၅၄၆၂၁၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/မြောက်)၊ သလ္လာဝတီလမ်း၊ မြေကွက်အမှတ်(၄၇၉/က)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်မြင့်မြင့်ခင် [၉/မရမ(နိုင်)၀၄၈၈၁၈]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ငြိမ်းငြိမ်းအိ [၅/အတန(နိုင်)၀၆၂၇၁၉]**သည် **“နှစ်ဦးသဘောတူအရောင်းအဝယ် ကတိစာချုပ်”**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၅၅၆၃)** | **(စဉ်–၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊၀၉–၇၉၆၃၀၈၀၂၁**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စကားစိမ်းလမ်း၊ အမှတ် (၂) ဟု ခေါ်တွင်သော ခတ်လေ့ကားပါဝင်သည့်လွှာချင်း (၈ ၁/၂ )ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်း (၂၄ ပေ x ၄၂ ပေ)ရှိသော ပထမထပ်(၂-လွှာ)တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ ကားတစ်စီးရပ်နားရန်နေရာအသုံးပြုခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော **ဒေါ်မြမြသွယ် [၁၂/အလန(နိုင်)၀၁၆၄၈၈]နှင့် ဒေါ်စမ်းစမ်းသော် [၁၂/လသန(နိုင်)၀၀၀၃၃၈]**တို့ (၂) ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည် ဆိုပါက မည်သူမဆိုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည်နေ့မှ ( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပြည်လမ်းနှင့်ရွှေဟသာၤလမ်းထောင့်၊ ရွှေဟသာၤအဆင့်မြင့်အိမ်ရာစီမံကိန်း၊ (ရွှေလရောင်တာဝါ)၊ တိုက်အမှတ်(A)၊ (၄)ထပ်၊ အခန်းအမှတ်(၄၀၂)၊ ဧရိယာ(၂၁၅၆)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ (၃၁-၁၀-၂၀၀၈)ရက်စွဲပါ စာအမှတ်-၀၂/လေလံ/စည်ပင်-ယာ/အုံ(ပုံစံ)ဖြင့် လေလံအောင်မြင်ခဲ့သော ဦးစိုးမြင့်အောင် (ဘ) ဦးအောင်ဝင်း[၁၂/တတန(နိုင်)၀၀၀၈၉၆]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြား၍ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီဝမ်းလှိုင်အောင်**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၆၁၇)**
**တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၂၃၈၈၈**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်ဗစိုးလမ်း၊ အမှတ်(၃၁၅/က)ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၀'x ၆၀')ရှိ ဒေါ်ဝင်းဝင်းမြင့် [၁၂/တမန(နိုင်)၀၇၂၉၉၅] အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀' x ၆၀')ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုးစံ [၇/ညလပ(နိုင်)၁၀၁၉၂၆]မှ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်လွဲ့လွဲ့မော်[၁၂/ဥကတ(နိုင်)၁၀၇၁၆၇]က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**


**ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သစ္စာနွယ်လမ်း၊ အမှတ် (၃၁၂) ရှိ လက်ဝဲဘက်တိုက်ခန်း (၅) ခန်း နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သစ္စာနွယ်လမ်း၊ အမှတ် (၃၁၂) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၅) ထပ်တိုက်၏ မြေညီထပ် (ဝဲ)၊ ပထမထပ် (ဝဲ)၊ ဒုတိယထပ် (ဝဲ)၊ တတိယထပ် (ဝဲ) နှင့် စတုတ္ထထပ် (ဝဲ) (စုစုပေါင်း တိုက်ခန်း ၅ ခန်း) မှာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်လှလှသန်း** (၁၂/ ဒလန (နိုင်) ၁၀၂၉၉၅) နှင့် ၎င်း၏သားအရင်းအချာများဖြစ်ကြသည့် **ဦးတင်ဝင်း** (DBN - ၀၁၈၇၆၀)၊ **ဦးသန်းဝင်း** (DBN - ၀၁၈၇၆၁)၊ **ဦးဇော်ဝင်း** (DBN - ၀၁၅၃၉၃) နှင့် **ဦးလှဝင်း** (DBN - ၀၁၈၇၆၂) တို့ ပူးတွဲအမွေဆက်ခံပိုင်ဆိုင်သောတိုက်ခန်းများဖြစ်ပါသည်။

